# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈၄)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၇ ရက်၊ ၂၂-၂-၂၀၂၆၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး မန္တလေး - နေပြည်တော် ရထားလမ်းပိုင်းအတွင်းရှိ ရထားလမ်းကြွခိုင်မှု၊ ဘူတာအသစ်တည်ဆောက်ခြင်းနှင့် တံတားအသစ်များ ပြန်လည်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် မြစ်ငယ်ဘူတာမှ RBE ရထားဖြင့် မန္တလေး – နေပြည်တော် ရထားလမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး၊ ဘူတာများအသစ်ပြန်လည် တည်ဆောက်နေမှု၊ တံတားများကြွခိုင်မှုနှင့် တံတားအသစ်ပြန်လည် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြစ်ငယ်ဘူတာမှ RBE ရထားဖြင့် လိုက်ပါစီးနင်း၍ ဘဲလင်းဘူတာနှင့် ကျောက်ဆည်ဘူတာကြားရှိ တံတားအမှတ် (၇၇၁)သို့ ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်ဘူတာသို့ရောက်ရှိပြီး အသစ်ပြန်လည် တည်ဆောက်မည့် အလျားပေ ၁၀၀၊ အနံပေ ၄၀ ကွန်ကရစ်ကြမ်းခင်း သံကူကွန်ကရစ်အမျိုးအစား ဘူတာသစ် တည်ဆောက်မည့်မြေနေရာ၊ ကျောက်ဆည်ဘူတာနှင့် မင်းစုဘူတာအကြားရှိ တံတားအမှတ် (၇၃၉) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီ ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ဆက်လက်ထွက်ခွာလာရာ သပြေတောင်းဘူတာသို့ ရောက်ရှိပြီး ဘူတာအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဘူတာအဝင် အထွက်လမ်းများ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။



**စနစ်တကျဆောင်ရွက်**

ဆက်လက်၍ သပြေတောင်းဘူတာနှင့် စမုံဘူတာအကြားရှိ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် တံတားအမှတ် ၆၉၁ သို့ ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် ဘိုးပိုင်တူးခြင်း၊ ရေတိုက်စား၍ ပျက်စီးသွားသော အစုန်လမ်းတံတား၏ တိုင်ဟောင်းများ ဖျက်သိမ်းပြီးစီးမှု၊ မြေထိန်းနံရံကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ မိုးတွင်းကာလတွင် မိုးများသောကြောင့် သစ်ပင်သစ်လုံးသစ်မြစ်များမျော ပါလာနိုင်သဖြင့် တံတားအောက်တွင် Basket များ ထားရှိရေး၊ ချောင်းကမ်းပါးနံရံများ ပြိုကျပိတ်ဆို့မှုမရှိစေရန် မြေထိန်းနံရံများ စနစ်တကျဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

စာမျက်နှာ ၂

အန်ဒရေဂိုးမက်စ်အား ကိုလံဘတ်စ်ခရူအသင်း ခေါ်ယူ

စာမျက်နှာ ၁၁

လ တပေါင်း၏ ကောင်းခြင်းချိန်ခါ မင်္ဂလာ (ဆောင်းပါး)

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၂၂ ရက် ၊ တနင်္ဂနွေနေ့ ။

## ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်ရေး ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသော ခရီးစဉ်ဒေသများ ဖော်ထုတ်ရေးဆောင်ရွက်ရာတွင် မြေပြင်လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် နေပြည်တော် ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့ပေါင်း ၂၀၀ ကျော် ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အတွေ့အကြုံကောင်းများကို စာတွေ့လက်တွေ့ လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် မိမိတို့၏ ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးနှင့် လုံခြုံစိတ်ချမှုရှိစွာ သွားလာလည်ပတ်နိုင်ရေး၊ ဧည့်သည်များအား ကောင်းမွန်သည့်ဝန်ဆောင်မှုများ ပေးနိုင်စေရေး၊ ခရီးသွားဆွဲဆောင်မှုအသစ်များ ဖော်ထုတ်ရေးနှင့် ဈေးကွက်ရှာဖွေမြှင့်တင်ရေး စသည့်လုပ်ငန်းတာဝန်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသအသီးသီးရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့ဝင်များအနေဖြင့်လည်း မြေပြင်တွင် မိမိတို့လုပ်ငန်းများဆောင်ရွက်ရာ၌ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့်စိန်ခေါ်မှုများကို မျှဝေပေးနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှ ရရှိလာမည့် ဆွေးနွေးမှုရလဒ်များနှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာ ခရီးစဉ်ဒေသများတွင် လက်တွေ့အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး အာဆီယံ-ဂျပန်ဗဟိုဌာန၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပညာရှင်များက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကာ အဖွဲ့များခွဲ၍ ဆွေးနွေးခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းနှင့် ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာတွင် ခရီးသွားလုပ်ငန်းသည် စီးပွားရေးကဏ္ဍတစ်ခုမျှသာမကဘဲ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းသစ်များကိုပါ ဖန်တီးပေးလျက်ရှိရာ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးဆက်များရရှိအောင် ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတကာအဆင့်အတန်းမီသည့် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ရွှေဆံတော်ဘုရား အဝင်လမ်းတစ်လျှောက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ညောင်ဦး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရွှေဆံတော်ဘုရား အဝင်လမ်းတစ်လျှောက်တွင် ယနေ့ နံနက် ၇ နာရီက ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများက ရွှေဆံတော်ဘုရားကြီး အဝင်လမ်းတစ်လျှောက်နှင့် လောကထိပ်ပန်ဘုရား၊ မြေဘုံသာဘုရားလှလမ်း၊ လောကဥဒ္ဒေါင်ဘုရားသွားလမ်းတို့ရှိ အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် ရှင်းပြီးသားပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများအား စည်ပင်သာယာ အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(၄၈၁)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၁၁)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း ၆၀နှင့် ၂၈ (B)လမ်းထောင့်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၁၁) ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့နံနက် ၅ နာရီခွဲက အဆိုပါအသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီး လောင်းလှူကြသည်။



(၂၁၁)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ မိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်)မိသားစု၊ ဒေါ်မမအားရည်စူး၍(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ) မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ (စားသောက်ဆိုင်) မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ကိုခင်မောင်ရီနှင့် ဇနီးမိသားစု၊ ကိုသက်မြတ်သူ+မမျိုးမျိုးအေး(မန်းစည်ပင်)မိသားစု၊ Ko Sai (ရွှေပန်းတိမ်၊ ၂၃လမ်း)မိသားစု၊ လယ်ကိုင်းတိုက်အရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တဆန္ဒောဒရတို့က မတည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း(၀၉-၇၆၅၁၈၄၇၉၁) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ် (၂)၊ ၈၂ လမ်းနှင့် ၂၄ လမ်းထောင့်နှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၄ လမ်း၊ ၄၄ လမ်းနှင့် ၄၅ လမ်းကြားတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားနှင့် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈ လမ်းကြားတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈ လမ်း၊ ၃၈လမ်းနှင့် ၃၉ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ရွာလယ်လမ်းမကြီးတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၀ လမ်း၊ ၄၅ လမ်းနှင့် ၄၆ လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃ လမ်းထောင့် တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်၏ နိဂမနဩဝါဒကထာ

[ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်) စနေနေ့]

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ထက်သန်တက်ကြွသော သာသနာပြုစိတ်ဓာတ် အပြည့်အဝထားကာ ကြွရောက်တော်မူလာကြကုန်သော သာသနဒ္ဓဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၄ ရက်(၁၉-၂-၂၀၂၆) ရက်နေ့မှစ၍ ကျင်းပခဲ့သော နဝမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကြီးသည် ဤနေ့ ဤရက် ဤအချိန် အခါသမယတွင် ဇယမင်္ဂလာပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး ပီတိဖုံးလျက် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှ ဆရာတော် အရှင်မြတ်တို့၏ ကြီးမားသော လုံ့လဉဿာဟဖြင့် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်ချီးမြှောက်တော်မူခြင်း၊ အစည်းအဝေးကြီးသို့ မကြွရောက်နိုင်ကြသော ဆရာတော်အရှင်မြတ်တို့က သဘောတူဆန္ဒ ပေးတော်မူကြခြင်း၊ သက်တော်ရှည် သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများကလည်းဩဝါဒကထာများ မိန့်ကြားချီးမြှင့်တော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ အဖြာဖြာသော သာသနာ့ကိစ္စတို့ကို လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ နိုင်ငံတော်သံဃဝိနိစ္ဆယ၊ နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စုံစမ်းရေး စသော ကျရာတာဝန်များကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို အပြုသဘောဖြင့် ဝေဖန်ဆွေးနွေး အကြံပေးကာ အတည်ပြုပေးတော်မူကြခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော အရာထမ်း၊ အမှုထမ်းများက အစည်းအဝေးကြီး ပြီးမြောက်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ ဥပဌာကများက ကြိုဆိုပင့်ဆောင်ရေး၊ နေရာထိုင်ခင်း ပြင်ဆင်ချထားရေး၊ ဝေယျာဝစ္စဆောင်ရွက်ရေး စသည်တို့ကို အဘက်ဘက်က မလစ်ဟင်းရလေအောင် ဆောင်ရွက်ပေးခြင်း၊ စေတနာရှင် ဆွမ်းဒါယကာ ဒါယိကာမများက ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို လှူဒါန်းထောက်ပံ့ပေးခြင်း၊ လုံခြုံရေး၊ ကျန်းမာရေး၊သန့်ရှင်းရေးကအစ အားလုံး တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခြင်း စသော အထောက်အပံ့များကို အပြည့်အဝရရှိခြင်းကြောင့်သာလျှင် ယခုလို ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ဤအစည်းအဝေးကြီး ချောမောအောင်မြင်အောင် အဘက်ဘက်က အားပေးချီးမြှောက် ထောက်ပံ့ကြသော ရဟန်းရှင်လူ အားလုံးတို့ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့ ယခုလို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တစ်နှစ်တစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များက လေးလတစ်ကြိမ် စည်းဝေးကြ၍ လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက တာဝန်ကျအဖွဲ့ခွဲဝင် ဆရာတော်များက တစ်ပတ်တစ်ကြိမ် စည်းဝေးကြ၍ လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို အညီအညွတ် ဆောင်ရွက်နေသရွေ့ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်လာ ဘိက္ခု အပရိဟာနိယ ဒေသနာတော်နှင့်လွန်စွာ ညီညွတ်သောကြောင့်သာသနာတော်မဆုတ်ယုတ်ကြောင်း၊ သာသနာတော် တည်တံ့ကြောင်းဖြစ်သည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေကြခြင်း ပါတကားဟု ဆင်ခြင်ကာ လွန်စွာအားရနှစ်သက်ဖွယ်ကောင်းလှပါသည်ဘုရား။

ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်နယ် အရပ်ရပ်က သာသနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ သတင်းမှန်များကို မကြားရသည့်အတွက် မည်သည့်ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် သာသနာတော်နှင့် မအပ်စပ်သည့် အမှုများကို ကျူးလွန်နေကြသည် စသည်တို့ကို မကြားမသိနိုင်ကြောင်း၊ ပါပဘိက္ခုများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟု သိကြ၍ အုပ်စုဖွဲ့ကာ သာသနာတော်ဆုတ်ယုတ်ကြောင်း အမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်မလပ် စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် ပါပဘိက္ခုများ အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိကြ၍ တိမ်းရှောင်ကြရကြောင်းစသည်ဖြင့် ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးခြင်းကြောင့် သာသနာတော် ဆုတ်ယုတ်ပုံနှင့် ရဟန်းတော်များ မပြတ်မလပ် စည်းဝေးခြင်းကြောင့် သာသနာတော်တိုးတက်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြထားပါသည်ဘုရား။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၁၄) သို့ဖြစ်၍ ဆရာတော်တို့ သံဃာ့အစည်းအဝေးများသို့ မပျက်မကွက်တက်ရောက်တော်မူကြ၍ အညီအညွတ်ညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားကြောင်းဖြစ်သော သာသနာရေး၊ဝိနိစ္ဆယရေး၊ပညာရေး စသော သာသနာတော်ကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တောင်းပန်တိုက်တွန်းအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ အခန်း(၂)၊ အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ၊ အပိုဒ်ခွဲ(ဆ)၌ "သာသနာတော် အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ဆောင်ရွက်ကြရန်ဖြစ်သည်"ဟု ပြဆိုထားပါသည်ဘုရား။ ဤရည်ရွယ်ချက်သည် အလွန်အရေးကြီးပါသည်။ သံဃာ့ဂိုဏ်းများ အချင်းချင်း စည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သူ့ဂိုဏ်း ကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစိတ်များကို ပယ်ဖျောက်တော်မူကြကာ ဂိုဏ်းတစ်ပါး၏ အလိုကို အခြားဂိုဏ်းတစ်ပါးက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြုတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဤသို့ သာသနာတော်အတွက် အစည်းအဝေးကြီးများ ကျင်းပသည့်အခါတိုင်း စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေး အကြံဉာဏ်များပေးခြင်း စသည်တို့ဖြင့်လည်းကောင်း၊ မိမိတို့ အခြေခံဒေသသို့ ပြန်လည်ရောက်ရှိတော်မူကြသည့်အခါ၌လည်း မိမိတို့အခြေခံဒေသရှိ ရပ်/ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် အဖွဲ့အစည်းဝင် ဆရာတော်များနှင့် ညီညီညာညာလက်တွဲ၍ အမြဲရှင်သန်ထက်မြက်နေသော သာသနာပြုစိတ်ဓာတ်ဖြင့် သာသနာတော်ကြီး သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် သံဃာတော်များ တည်ငြိမ်အေးချမ်းစွာ ပရိယတ်၊ ပဋိပတ် တရားများ အားထုတ်နိုင်အောင် ဒါယကာ၊ ဒါယိကာမများကိုလည်း သာသနာရေး၊ ဘာသာရေးအသိဉာဏ် တိုးတက်မြင့်မား၍ သာသနာတော်အစစ်အမှန်ကို ကြည်ညိုတတ်၊ ဆည်းကပ်တတ်၊ အားပေးချီးမြှောက်တတ်အောင် ပြုပေးတော်မူခြင်း စသည်တို့ဖြင့်လည်းကောင်း၊ လုံ့လမယုတ် အားထုတ်ကြိုးပမ်း စွမ်းအားရှိသမျှ သာသနာပြုတော်မူကြပါဟု ပန်ကြားလျှောက်ထားရင်း တပည့်တော်၏ နိဂမနဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဥက္ကဋ္ဌဆရာတော်

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်



ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၂၄ ပါးတို့အား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဆေးကိန္ဒတက္ကသိုလ်နှင့် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်တို့ကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကိုလည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။**(အပေါ်ပုံ)**

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမ မူလ ဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မ မဟာဒွါရ နိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်း ဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

**(ဥက္ကဋ္ဌဆရာတော်ကြီး၏ နိဂုံးချုပ် ဥယျောဇနကထာကို သီးခြားဖော်ပြထားပါသည်)**

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက **"ဇယန္တော ဗောဓိယာ မူလေ"** အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး **"သာဓု"** သုံးကြိမ် ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးကြီးကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ထမ်းဟောင်းများအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁



စက်မှုဝန်ထမ်းဟောင်းများအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့တွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း က စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ဂုဏ်ထူးဆောင်နာယကကြီးများ၊ နာယကကြီးများ၊ အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အသင်းသား အသင်းသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ထမ်းဟောင်းအသင်းကို ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်တွင် အသင်းသား ၆၅၃ ဦးဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် နာယကနှစ်ဦး၊အလုပ်အမှုဆောင်အဖွဲ့ ၁၇ဦး၊ အသင်းသား ၉၆၅၁ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အတွက် အထူးဝမ်းသာ ဂုဏ်ယူမိပါကြောင်း၊ အသင်းကြီးအား နိုင်ငံတော်စက်မှုလက်မှုကဏ္ဍတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရေး၊ ဝန်ထမ်းဟောင်းများ၏ သာရေး/နာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကိုထောက်ပံ့ပေးရန်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းစတင်တည်ထောင်စဉ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ၁၂ နှစ်တာ ကာလအတွင်း ကျန်းမာရေးနှင့် နာရေးကိစ္စရပ်များအတွက် အသင်းသား ၃၉၅၆ ဦးကို ထောက်ပံ့ငွေကျပ် ၄၁၁၆၅၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ အသင်းဝင်များသည် စက်မှုဝန်ကြီးဌာနတွင် နှစ်ရှည်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အကြံပြုချက်များဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် အသင်း၏ လိုအပ်ချက်များကိုလည်း တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ထမ်းဟောင်းအသင်းနာယကများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး (ငြိမ်း)များနှင့် အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားခြင်း၊ အသင်းအတွင်းရေးမှူးက ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ရှင်းလင်းခြင်း၊ အမှုဆောင်အသစ်များ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး အသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❏ စာမျက်နှာ ၂၄ မှ

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် မည်သည့်ပြစ်မှုကိုမဆို အသေးအဖွဲပင် ဖြစ်လင့်ကစား လုံးဝခွင့်မလွှတ်ဘဲ အရေးယူအပြစ်ပေးသည့် (zero – tolerance policy) ချမှတ်ထားပြီး ကျူးလွန်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားသည်။

ဤသို့သော ဥပဒေအစီအမံများနှင့်အတူ အမျိုးသားအဆင့်ယန္တရားများ ဖွဲ့စည်းခြင်း၊ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် အသိပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကဏ္ဍအလိုက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီများကို ဖွဲ့စည်းပြီး ဒေသအလိုက်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) ၂၄ နာရီ Helpline ဝန်ဆောင်မှုကို ၂၅-၁၀-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ လက်နက်ကိုင်ပဋိပက္ခအတွင်း မဟုတ်သော်လည်း ပြည်သူလူထုက တိုင်ကြားလာသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို လက်ခံစစ်ဆေးကာ ဥပဒေအရ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center– OSWSC) များကိုလည်း တိုင်းနှင့်ပြည်နယ်များအနှံ့တွင် ဖွင့်လှစ်ထားပြီး လိုအပ်သောစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အသိပညာပေးမှုအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် ဂျီနီဗာကွန်ဗင်းရှင်း ၄ ရပ်ပါ စစ်ပွဲဆိုင်ရာ ဥပဒေသများနှင့် အရပ်သားများအပေါ် အကာအကွယ်ပေးရေး ပြဋ္ဌာန်းချက်များနှင့် လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတို့ကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ဟောပြောပွဲများ၊ အသိပညာပေးစကားဝိုင်းများ ကျင်းပပေးလျက်ရှိသည်။ ရာဇသတ်ကြီးပါ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအသိပညာပေးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်ပြီး အစိုးရပိုင်မီဒီယာများမှ တစ်ဆင့် ဆက်လက်ထုတ်လွှင့်လျက်ရှိသည်။

အထက်ပါ ဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရ အဆက်ဆက် ဆောင်ရွက်လာသည့် လုပ်ငန်းစဉ်များပင်ဖြစ်ပြီး လိင်အကြမ်းဖက်မှုတိုက်ဖျက်ရေးအပေါ် မြန်မာနိုင်ငံ၏ ခိုင်မာသော ကတိကဝတ်ကို သက်သေထူလျက်ရှိသည်။

သို့ရာတွင် ကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင် အတည်မပြုနိုင်သော သတင်းအချက်အလက်များနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ကဲ့သို့သော ယန္တရားများမှ တစ်ဖက်သတ် စွပ်စွဲချက်များကိုသာ မှီငြမ်းထားကြောင်း တွေ့ရှိရသည်။ ယင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ထိခိုက်စေရန် ရည်ရွယ်သည့် နိုင်ငံရေးဖိအားပေးမှု သက်သက်သာဖြစ်သဖြင့် အဆိုပါ ထုတ်ပြန်ချက်အား မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်သကဲ့သို့ ထုတ်ပြန်ချက်အား ကန့်ကွက်ပယ်ချသည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများ (vulnerable group) ၏ အခွင့်အရေးနှင့် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် ယုံကြည်လက်ခံနိုင်သော ထုတ်ပြန်ချက်များကိုသာ ထုတ်ပြန်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ဘက်မလိုက်ဘဲ အပြုသဘောဆောင်သော ချဉ်းကပ်မှုမျိုးဖြင့်သာ ဆက်ဆံဆောင်ရွက်ရန် မြန်မာနိုင်ငံက တိုက်တွန်းသည်။

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားကော်မတီ**
**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်**

# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်သည် မြစ်ကြီးနားမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြန်မာနိုင်ငံရှိ လေဆိပ်များရှိရာ အခြားမြို့ကြီးများသို့ ဆက်သွယ်သွားလာပျံသန်းလျက်ရှိပြီး ကချင်ပြည်နယ်ရှိ လေဆိပ်များအနက် ကုန်သွယ်ရေးနှင့် ခရီးသည်ဝန်ဆောင်မှုသွားလာရေးအတွက် အဓိကကျအရေးပါသော အခန်းကဏ္ဍတွင်ရှိနေသည့် လေဆိပ်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ကချင်ပြည်နယ်၏ အဓိကလေကြောင်းဇဟိုချက်တစ်ခုဖြစ်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIAအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မြန်မာ အမျိုးသားလေကြောင်းလိုင်း(MNA)မှ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်ပျက်စီးခဲ့ပြီး လေယာဉ် ခရီးစဉ်ရပ်နားခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူအသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံ နိုင်ခြင်းမရှိဘဲ စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံဇော်ဂေလီ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇော်ဂေလီအသင်း တော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တို့က လည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရှိရ သည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်ထိခိုက်ပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း YMBA မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာ အမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် မြစ်ကြီးနားလေဆိပ်တွင် ခရီးသည် များတင်ဆောင်ပြီး ထွက်ခွာရန် ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် FPV Suicide Drone များဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား မိမိတို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဇော်ဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာ အမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် နေ့ ည ၈ နာရီအချိန်ခန့်တွင် ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာရန်ပြင်ဆင်နေစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာ ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန် မဟာမိတ် အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြု လျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်အား FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ ကြောင်း ကြားသိရပါသည်။

ယင်းကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အသိဉာဏ်နည်းပါးပြီး ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ကလည်း လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)

## ယုံကြည်ခြင်း ဇော်ဂေလီအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာ အမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် Drone များဖြင့် အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများစီးနင်းလိုက်ပါသည့် ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက် လုပ်ရပ်သည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည် ခြင်း ဇော်ဂေလီအသင်းတော် (ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။ ယုံကြည်ခြင်း ဇော်ဂေလီအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ အမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ် ကြားသိရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)က ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည် စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက် ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြုပြီး ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်အချိန်ခန့်က မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကြားသိရသည့်အတွက် ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းရပါသည်။ ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသည့် နေရာများကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ် တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များဖြင့် ယုတ်မာ ပက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်သတင်းကို ဝမ်းနည်းဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယမန်နေ့ညပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အရပ်ဘက်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းကြောင့် လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ကြောင်းသိရှိရပြီး ခရီးသွားပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့မှုအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက FPV Suicide Drone များအသုံးပြု၍ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများအနေဖြင့်လည်း လုံးဝလက်မခံပါကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များကိုလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့က Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ သိရှိရပါသည်။

၂။ ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့၏ ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်းကို စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## သနင်္ဂနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ် သတင်းကို ကြားသိရပါသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်း လေယာဉ်၏ ခေါင်းပိုင်း၊ ကိုယ်ထည်အလယ်ပိုင်းနှင့် နောက်မြီးပိုင်းတို့တွင် ဗုံးစထိမှန်၍ အနည်းငယ်ပျက်စီးခဲ့ရပါသည်။

ထိုကဲ့သို့ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက် လုပ်ရပ်အား သနင်္ဂနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာ အပ်ပါသည်။

သနင်္ဂနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် မြစ်ကြီးနား လေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာရန်အတွက် ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာ အမျိုးသားလေကြောင်းလိုင်း(MNA) မှ ခရီးသည်တင်လေယာဉ် တစ်စင်းအား Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာ ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်မှုအပေါ် မိမိတို့ ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနား လေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည် ထွက်ခွာရန် ပြင်ဆင်နေစဉ် ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်း အဖွဲ့များက FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာ ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ် ချက်ရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်အား မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါ ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

- မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မြန်မာ ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား KIAအဖွဲ့နှင့်PDFအမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drone များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိစွာဖြင့် တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်အား တစ်နိုင်ငံလုံးရှိ ပြည်သူများက စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက် ရှိသည့်အပြင် မြန်မာရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ ရှိအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

(၁) KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မြစ်ကြီးနားလေဆိပ်၌ အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသား လေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်အား FPV Suicide Drone များ အသုံးပြု၍ ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်အား မြစ်ကြီးနားလေဆိပ်၌ ရပ်တန့်ထားစဉ် KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့က ယမန်နေ့ညတွင် Drone ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်ရည်ရွယ်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေဆိပ်အား ဖေဖော်ဝါရီလ ၁၂ ရက်နေ့က FPV Suicide Drone များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့၊ ည ၈ နာရီ ၁၂ မိနစ်တွင်လည်း မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR – 72 – 600 အမျိုးအစားခရီးသည်တင်လေယာဉ်တစ်စင်းသည် မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန်ပြင်ဆင်နေစဉ် ခရီးသွားပြည်သူများ သေဆုံးဒဏ်ရာရစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့သည်။

ထိုသို့ စစ်ဆင်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသော အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ကာ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ( War Crime ) ကို ကျူးလွန်ခဲ့သည့် KIA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ ဒုံးများအသုံးပြု၍ Drop Bomb များဖြင့်တိုက်ခိုက်ခြင်းများကို အကြမ်းဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား FPV Suicide Drone များ အသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လေယာဉ်အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရပါသည်။

၃။ ဤလုပ်ရပ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိ ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါ အကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

○ စာမျက်နှာ ၂၄ မှ

ဘလက်ဘန်း အသင်းသည် ပရက်စတန် အသင်းထက် ဂိုးပေါက် ခြိမ်းခြောက်မှုပိုင်းသာလွန်မှုရှိခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တည်ငြိမ်ကျစ်လျစ်သော ကစားဟန်ကြောင့် မိနစ် ၆၀ ကျော်အထိ သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ ပွဲချိန် ၆၈ မိနစ်တွင် ဘလက်ဘန်း အသင်းက ကစားအားကျလာသည့် အာနေဝဂပ်ဂျန်ဆင်၏ နေရာကို တိုက်စစ်အားသန်ကစားသမား ယူကီအိုဟာရှီကို ထည့်သွင်းအသုံးပြုခဲ့သည်။ ၎င်းဝင်ရောက်လာပြီးနောက် ဘလက်ဘန်း အသင်း၏ တိုက်စစ်ဆင်မှုများ ပိုမိုထိရောက်မှုရှိလာခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သည်။

ပရက်စတန် အသင်းသည် ဘလက်ဘန်း အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု နည်းပါးခဲ့သော်လည်းအသင်းကစားသမားများ၏ အဆုံးသတ်သွင်းယူမှု နှစ်ကြိမ် ဂိုးတိုင်ထိထွက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ထို့ပြင် ပရက်စတန်အသင်းသည် ပွဲချိန်တစ်လျှောက် ဘလက်ဘန်း အသင်း၏ တိုက်စစ်ဆင်မှုများကို တည်တည်ငြိမ်ငြိမ်ဖြင့် ဟန့်တားရှင်းထုတ်နိုင်ခဲ့သည်။

ဘလက်ဘန်း အသင်းသည် အိမ်ကွင်းအားသာချက်ကို အသုံးချကာ နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သောကြောင့် ချန်ပီယံရှစ်နိုင်ပွဲ ၁၀ ပွဲနှင့်အတူ ရမှတ် ၃၈ မှတ်ဖြင့် တန်းဆင့်ဇုန် အထက်တွင် ပြတ်သားသောရလဒ်ဖြင့် ရပ်တည်နိုင်ခဲ့သည်။

အောင်ဇော်

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

○ စာမျက်နှာ ၂၄ မှ

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာ အနီးရှိ လယ်ကွင်းအတွင်း၌ PC ပိုက် (အပြာ) စွပ်ထားသည့် မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိကြောင်း ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ ခန့်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်များအရ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါလယ်ကွင်းအတွင်း၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များက ပစ်ခတ်ရန် ပြင်ဆင်ထားသည့် PC ပိုက်(အပြာ) စွပ်လျက် အနေအထားဖြင့် ရှော့တိုက်ဒုံး ခြောက်လုံးကို တွေ့ရှိရသဖြင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဒုံးသီးများကို စနစ်တကျသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ နေရာတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ သတင်းများနှင့် အကြမ်းဖက်လုပ်ရပ်များကို မသင်္ကာဖွယ် တွေ့ရှိပါက ယခုကဲ့သို့ သတင်းပေးပို့ခြင်းဖြင့် အများပြည်သူတို့ ထိခိုက်ပျက်စီးမည့် အန္တရာယ်မှ ကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်







ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်) ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ရှော့တိုက်ဒုံးများကို တွေ့ရစဉ်။

## ဘရာဇီးသမ္မတ လူဝစ် အီနာစီယို လူလာဒါဆေးလ်ဗားနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ဒေလီ ဖေဖော်ဝါရီ ၂၁**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် ဘရာဇီးသမ္မတ လူဝစ် အီနာစီယို လူလာဒါဆေးလ်ဗားတို့သည် အရေးကြီးတွင်းထွက်ပစ္စည်းများနှင့် မြေရှားသတ္တုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်အတွက် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဒေလီမြို့တော်၌ တွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။



ဘရာဇီးနိုင်ငံသည် လျှပ်စစ်ကားများ၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများ၊ စမတ်ဖုန်းများမှစပြီး ဂျက်အင်ဂျင်များနှင့် လမ်းညွှန်ဒုံးကျည်များအထိ နေရာအနှံ့အပြားတွင် အသုံးပြုသည့် အဆိုပါသတ္တုများ သိုလှောင်ထားရှိမှု၌ တစ်ကမ္ဘာလုံးတွင် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

အဓိကတင်ပို့သူဖြစ်သည့် အိန္ဒိယနိုင်ငံသည် ရင်းမြစ်အသစ်များကို ရှာဖွေနေသကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြန်လည်အသုံးပြုခြင်းလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီး ၁၂ဦးကျော်ခန့်နှင့် စီးပွားရေး ခေါင်းဆောင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လာသည့်သမ္မတ လူလာသည် ကမ္ဘာလုံးဆိုင်ရာထိပ်သီးအစည်းအဝေးတစ်ခုသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၁၈ ရက်ကတည်းက ဒေလီမြို့သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

Mon

INTERNATIONAL NEWS နိုင်ငံတကာသတင်းများ



## ပြည်သူတို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်း ကတိပြု

**ပြုံယမ်း ဖေဖော်ဝါရီ ၂၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းသည် အရေးပါသောပါတီညီလာခံ၌ ယမန်နေ့က အဖွင့်အမှာစကားပြောကြားစဉ် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးရန် ကတိပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခေါင်းဆောင် ကင်မ်ဂျောင်အွန်းသည် အိမ်ရာဆောက်လုပ်ရေးမှသည် စစ်ရေးစီမံကိန်းများအထိ နိုင်ငံတော်၏ လုပ်ငန်းစဉ်အားလုံးကို လမ်းညွှန်မှုပေးသည့် အလုပ်သမားပါတီညီလာခံတွင် အဖွင့်မိန့်ခွန်းပြောကြားပြီး သဘာပတိအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ငါးနှစ်လျှင်တစ်ကြိမ်သာ ကျင်းပသည့် ရက်ရှည်ညီလာခံသည် သာမန်အချက်အလက်များကိုပင် လျှို့ဝှက်ထားလေ့ရှိသော နိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းဆောင်ရွက်ပုံများကို ရှားရှားပါးပါး မြင်တွေ့ခွင့်ရစေသည်။

မိမိတို့ပါတီသည် စီးပွားရေးတည်ဆောက်မှုနှင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ရန်၊ နိုင်ငံတော်နှင့် လူမှုဘဝနယ်ပယ်အားလုံးကို အမြန်ဆုံးပြုပြင်ပြောင်းလဲရန်ဟူသော ကြီးလေးပြီး အရေးကြီးသည့် သမိုင်းဝင်တာဝန်များနှင့်ရင်ဆိုင်နေရသည်ဟု ကင်မ်ဂျောင်အွန်းက ၎င်း၏အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



## စင်ကာပူဝန်ကြီးချုပ်နှင့် မလေးရှားဝန်ကြီးချုပ် သမိုင်းဝင် ဆရီနီဂါရာအိမ်တော်တွင် တွေ့ဆုံ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁**

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းတို့သည် နှစ်နိုင်ငံကြား ကာလရှည်ကြာရှိနေသောအရေးကိစ္စများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်းနေစဉ်မှာပင် ဖေဖော်ဝါရီ ၂၀ရက်က တွေ့ဆုံဆွေးနွေးကာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မာစေမည်ဟု ကတိပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူဝန်ကြီးချုပ် ကွာလာလမ်ပူမြို့သို့ သွားရောက်သည့် အထူးခရီးစဉ်နှင့် တိုက်ဆိုင်၍ သမိုင်းဝင်ဆရီနီဂါရာအိမ်တော်တွင် ဝန်ကြီးချုပ် လောရန့်စ်ဝေါင်းအား ဧည့်ခံကျွေးမွေးခဲ့ကြောင်း ဝန်ကြီးချုပ် အန်ဝါက ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

ဆရီနီဂါရာအိမ်တော်သည် ဗြိတိသျှအုပ်ချုပ်ရေးမှူးများအတွက် တရားဝင် ဧည့်ဂေဟာဖြစ်ခဲ့ပြီး လက်ရှိတွင် မလေးရှားအစိုးရက ပိုင်ဆိုင်သည်။

ထိုခေါင်းဆောင်နှစ်ဦးသည် သုံးနာရီနီးပါးကြာမြင့်သည့် သီးသန့်တွေ့ဆုံမှုမတိုင်မီ အဆိုပါအိမ်တော်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ Mon

## အမေရိကန်ထုတ် အက်ဖ်-၃၅တိုက်လေယာဉ်များကို ဂျာမနီက ထပ်မံမှာယူရန် စဉ်းစားလျက်ရှိသည်ဟုဆို

**ဘာလင် ဖေဖော်ဝါရီ ၂၁**

ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသော မျိုးဆက်သစ်တိုက်လေယာဉ်စီမံကိန်းအကောင်အထည်ပေါ်မလာသေးမီတွင် ဂျာမနီနိုင်ငံသည် အမေရိကန်စစ်ဘက်ဆိုင်ရာ နည်းပညာအပေါ် ပိုမိုမှီခိုလာနိုင်သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် အမေရိကန်ထုတ် အက်ဖ်-၃၅တိုက်လေယာဉ်များကို ထပ်မံမှာယူရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

ဂျာမနီအစိုးရသည် နောက်ထပ်တိုက်လေယာဉ်အစီးရေ ၃၅စီးထက်မနည်း ဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု သတင်းရင်းမြစ်တစ်ခုကဆိုသော်လည်း ဒုတိယသတင်းရင်းမြစ်ကမူ အရေအတွက်ကို တိတိကျကျပြောဆိုခြင်းမရှိပေ။

ယင်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာတွင် ဂျာမနီအစိုးရ ပြောရေးဆိုခွင့်ရှိသူက ထိုတိုက်လေယာဉ်များ ထပ်မံဝယ်ယူရန် လက်ရှိတွင် မည်သည့်စီမံကိန်းမျှ မရှိကြောင်း ငြင်းဆိုသည်။

အက်ဖ်-၃၅ တိုက်လေယာဉ်များ ထပ်မံဝယ်ယူရန်အတွက် လက်ရှိတွင် ခိုင်မာသောစီမံကိန်းများ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များမရှိသေးဟု ဂျာမန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

Mon

0-0-0-0-0

STOP AIDS

## အရည်အချင်းမီသော စင်ကာပူအစိုးရဝန်ထမ်း ၂၂,၀၀၀ ခန့်အား လစာ ၂ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိမည်

**စင်ကာပူ ဖေဖော်ဝါရီ ၂၁**

လစာများကို ကာလအလိုက် ပြန်လည်သုံးသပ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စင်ကာပူအစိုးရဝန်ထမ်း ၂၂,၀၀၀ ခန့်သည် ဩဂုတ် ၁ ရက်မှစ၍ လစာ ၂ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးမြှင့် ရရှိမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါလစာတိုးမြှင့်မှုသည် စီမံခန့်ခွဲမှုအမှုဆောင်အစီအစဉ်၊ နည်းပညာပံ့ပိုးမှုအစီအစဉ်၊ စီမံခန့်ခွဲမှုပံ့ပိုးမှုအစီအစဉ်၊ ကော်ပိုရိတ်ပံ့ပိုးမှုအစီအစဉ်၊ လုပ်ငန်းလည်ပတ်မှုပံ့ပိုးမှုအစီအစဉ်နှင့် ၎င်းတို့နှင့်သက်ဆိုင်သော အစီအစဉ်များအောက်ရှိ အရည်အချင်းပြည့်မီသောအရာရှိများကို အကျိုးခံစားခွင့်ရှိစေမည်ဖြစ်သည်။



ထိုအစီအစဉ်များတွင်ပါဝင်သည့် အရာရှိများသည် မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းစသည့် အခန်းကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်။

ပြောင်းလဲလာသောလိုအပ်ချက်များနှင့် ကမ္ဘာ့အခြေအနေများ ပိုမိုရှုပ်ထွေးလာမှုကြားတွင် စင်ကာပူနိုင်ငံသားများအတွက် ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ ထူးချွန်သူများကို ဆက်လက်ဆွဲဆောင်ထားနိုင်ရန်နှင့် ဈေးကွက်စံနှုန်းများနှင့်အညီ ဖြစ်စေရန် ယခုကဲ့သို့ ညှိနှိုင်းပြင်ဆင်ခြင်းဖြစ်ကြောင်း ပြည်သူ့ဝန်ထမ်းဌာနက ဖေဖော်ဝါရီ ၂၀ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## တရုတ်အခြေစိုက် ဒေါင်ဖန်း မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ တစ်ကီလိုဂရမ်လျှင် ၃၅၀ ဝပ်နာရီထွက်သော ဘက်ထရီအခဲ တီထွင်

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

တရုတ်အခြေစိုက် ဒေါင်ဖန်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် လျှပ်စစ်ကားများ၏အနာဂတ်ကို ပြောင်းလဲစေနိုင်သည့် တစ်ကီလိုဂရမ်လျှင် ၃၅၀ ဝပ်နာရီနှုန်းထွက်ရှိသော ဘက်ထရီအခဲတစ်မျိုးကို တီထွင်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ယင်းဘက်ထရီများ တပ်ဆင်ထားသော လျှပ်စစ်ကား စမ်းသပ်အုပ်စုတစ်စုကို ထုတ်လုပ်ခဲ့ပြီး တရုတ်နိုင်ငံမြောက်ဘက်နယ်စပ်အနီးရှိ မိုဟေဒေသ၌ ပြင်းထန်သော ဆောင်းရာသီ တိုင်းတာစစ်ဆေးရေးအစီအစဉ်များဖြင့် စမ်းသပ်စစ်ဆေးသွားမည်ဖြစ်သည်။

အဆိုပါ စမ်းသပ်မှုများတွင် အနုတ်ဒီဂရီ အပူချိန်အောက်၌ ဘက်ထရီ၏ စွမ်းဆောင်ရည်၊ တည်ငြိမ်မှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို စစ်ဆေးသွားမည်ဖြစ်သည့်အပြင် လျှပ်စစ်ကား၏ မောင်းနှင်နိုင်သည့် ခရီးအကွာအဝေးနှင့် အားသွင်းစနစ်စွမ်းဆောင်ရည်တို့ကိုလည်း စောင့်ကြည့်သွားမည်ဖြစ်သည်။

စွမ်းဆောင်ရည် ထိရောက်မှု၊ ဘက်ထရီစနစ် ပေါင်းစပ်ဖွဲ့စည်းမှုနှင့် တည်ဆောက်ပုံဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှုတို့သည် စမ်းသပ်မှု၏ အဓိကဦးစားပေး လုပ်ငန်းစဉ်များတွင် ပါဝင်သည်။

အဆိုပါ ဘက်ထရီများသည် တစ်ကြိမ်အားသွင်းရုံဖြင့် မိုင်ပေါင်း ၆၂၀အထိ ခရီးနှင်နိုင်မည်ဖြစ်ပြီး အနုတ် ၂၂ဒီဂရီဖာရင်ဟိုက်ကဲ့သို့ အလွန်အေးသောနေရာမျိုးတွင်ပင် စွမ်းအင်ပမာဏ ၇၂ရာခိုင်နှုန်းခန့်ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး၊ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

**ပင်လောင်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးမှုနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက မြို့မဈေးတွင် ဆောင်ရွက်ခဲ့ကြသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေးမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ခန့်ဇော်၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းလူထွန်းနှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲအုပ်ချစ်ကိုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်သဉ္ဇာနှင့် ဝန်ထမ်းများ၊မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်များမှ မီးဖိုအသုံးပြုရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ ဈေးဆိုင်များ မီးသတ်ဆေးဘူးများ စီမံဆောင်ရွက်ထားရှိမှု ရှိ၊မရှိ တို့ကို စစ်ဆေးခဲ့ကြသည်။**(အောက်ပုံ)**



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဈေးရောင်း၊ ဈေးဝယ်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် ပစ္စည်းများထားရှိရေး၊ မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်နှင့် မီးသတ်ဆေးဘူးဖြင့် စနစ်တကျ မီးငြိမ်းသတ်ပုံများကို ရှင်းလင်းပြောကြားပြီး၊ ဈေးရောင်း၊ ဈေးဝယ်သူများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းနှင့် မီးသတ်ဦးစီးဌာနမှ မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဈေးရောင်း၊ဈေးဝယ်သူများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၃၆၈)



## မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**မိုးညှင်း ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင် ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှုဇာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက စုပေါင်းရုံး၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်က မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်စိုးသန်းက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးနှင့်ပတ်သက်၍ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တာဝန်များ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ် အမျိုးအစားများ၊မီးလောင်မှုအမျိုးအစားအလိုက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ နည်းစနစ်များ၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ စသည်တို့ကို ပါဝါပွိုင့်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် စုပေါင်းရုံးရှေ့တွင် ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက Gas မီးငြိမ်းသတ်နည်းများ၊ အဝတ်စိုဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်နည်းများ၊အထပ်မြင့် အဆောက်အအုံမှ လူနာကယ်ထုတ်နည်းနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြပြီး ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးကိရိယာနှင့် ဆက်စပ်ပစ္စည်းအမျိုးအစား ၅၀ကျော်ကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမိုးညှင်း

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## လေးကောင်ဂျင်လောင်းကစားသူ အမျိုးသား ရှစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ်၌ လေးကောင်ဂျင်လောင်းကစားပြုလုပ်သူ အမျိုးသား ရှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကျေးစာဥကျေးရွာ၊ အင်းနီကန်အနီး၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လယ်ဝေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အင်းနီကန်အနီး မန်ကျည်းပင်အောက်၌ လေးကောင်ဂျင်ဝိုင်းဒိုင်အဖြစ် ပြုလုပ်နေသည့် လယ်ဝေးမြို့နယ်၊ ရွှေကျောင်းကုန်းကျေးရွာနေ ဦးသန်းဇော်ဦး(ခ)ဇော်ကြီး(၅၁)နှစ်နှင့်အတူ လောင်းကစားလာရောက် ပြုလုပ်နေသည့် တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဦးအောင်မြင့်ကြည်(၆၅)နှစ်၊ဦးမောင်တင့်(၇၀)နှစ်၊ဦးဝင်းအောင်(၅၅)နှစ်၊မရိုးအင်းကျေးရွာနေ ဦးမျိုးလှိုင်ဝင်း(၂၉)နှစ်၊ဥသျှစ်လှိုင်းကျေးရွာနေ ဦးမောင်ထွေး(၅၀)နှစ်၊ ပေတုန်းမျှောင်ကျေးရွာနေ ဦးသက်လွင်ဦး(၂၈)နှစ်နှင့် ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာနေ ဦးမြင့်(၅၃)နှစ်တို့အား လေးကောင်ဂျင် လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများ၊ ဖုန်းလေးလုံး၊ ဆိုင်ကယ် ၁၃ စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သန်းဇော်ဦး(ခ)ဇော်ကြီးပါ ရှစ်ဦးအား ဒက္ခိဏသီရိမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

*-*-*-*-*-*-*

## လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီက သတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့၊ အမှတ်(၈)ရပ်ကွက်တွင် သိန်းမောင် မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သိန်းမောင်(၁၉)နှစ်ဆိုသူအား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၇၈ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီခွဲအထိ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဘန့်ဗြီးကျေးရွာအုပ်စု၊ နားစေးစောက်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲအထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ထီပေါင်းကျေးရွာအုပ်စု၊ ထာငိုကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၆ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်အထိ ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလွန်းကျေးရွာအုပ်စု၊ ဝမ်တုံ ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



# ကျွန်တော်နှင့် . . . . . MESC (အပိုင်း-၂)

**DE ဦးသန်းမြင့်ရေ....**

အပိုင်း(၁)မှာ ကျွန်တော်တို့တစ်တွေက လျှပ်စစ်ဓာတ်အားကို ဘယ်လိုပုံစံတွေ ထုတ်လုပ်တယ်ဆိုတာကို တင်ပြခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ရေအားလျှပ်စစ်နဲ့ ပတ်သက်ပြီးတော့ တော်တော်များများ တင်ပြခဲ့ပါတယ်။ ရေအားလျှပ်စစ်ထုတ်တဲ့နေရာမှာ မြန်မာနိုင်ငံမှာ ဘီလူးချောင်း အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) စက်ရုံတွေ ရှိပါတယ်။

ဒီဘီလူးချောင်း အမှတ်(၁) စက်ရုံကနေပြီးတော့ ကျွန်တော်တို့ နေပြည်တော်နားက ရွှေမြို့ကိုသွားတာက လိုင်းတစ်ခု၊ ဘီလူးချောင်းစက်ရုံကနေပြီးတော့ တောင်ငူလိုင်းကို သွားတာတစ်ခု၊ ဘီလူးချောင်းစက်ရုံနေပြီးတော့ တီကျစ်၊ ကလောကနေပြီးတော့ သာစည်ဘက်ကိုပို့တဲ့ ဓာတ်အားလိုင်းတွေရှိပါတယ်။ ဒီဓာတ်အားလိုင်းတွေက အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခံရပြီးတော့ ဓာတ်အားပို့လွှတ်မှုတွေ ပြတ်တောက်ခဲ့ပါတယ်။ အဲ့ဒီလိုပဲ သဖန်းဆိပ်စက်ရုံဟာလည်း စစ်ကိုင်းတိုင်းဒေသကြီးမှာရှိပါတယ်။ အဲ့ဒီမှာလည်း ငှက်ပျောဒိုင်း ဓာတ်အားခွဲစက်ရုံမှ စက်ချွတ်ယွင်းမှုတွေကြောင့် အဲ့အနီးပတ်ဝန်းကျင်ကိုပဲ ပေးထားနိုင်ပါတယ်။ ဒီလိုပဲ ရွှေကျင်ဓာတ်အားပေးစက်ရုံက ပေးတဲ့ဓာတ်အားလိုင်းတွေဟာလည်း ချွတ်ယွင်းမှုတွေ ဖြစ်ပေါ်နေပါတယ်။

နောက်တစ်ခါ တာပိန်(၁) စက်ရုံဟာလည်း ဓာတ်အားလိုင်းမှာ အပြစ်ဖြစ်ပေါ်နေတာကြောင့် ဗန်းမော်မြို့ကို မီးလွှတ်ထားတာတွေလည်း ရပ်တန့်ထားရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှာရှိတဲ့ ရာဇဂြိုဟ်စက်ရုံဟာလည်း နယ်မြေအခြေအနေအရ ဓာတ်အားပို့လွှတ်နိုင်မှုမရှိတာကြောင့် ရပ်တန့်ထားရပါတယ်။ ရွှေလီ(၁) ဓာတ်အားပေးစက်ရုံကလည်း ဓာတ်အားပေးရာမှာ အပြစ်ဖြစ်ပြီး ရပ်တန့်ခဲ့ရတဲ့ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ဆည်တော်ကြီးစက်ရုံမှာလည်း စက်ရုံအနီးမှာ ထိတွေ့မှုတွေဖြစ်ပြီးတော့ Switch-yard Equipment တွေလည်း ပျက်စီးပြီးတော့ စက်နှစ်လုံးရှိတဲ့အနက် စက်တစ်လုံးကိုသာမောင်းနှင်နိုင်တဲ့ အခြေအနေတွေရှိခဲ့ပါတယ်။

အထက်ပေါင်းလောင်းစက်ရုံမှာလည်း ရာဂီမုန်တိုင်းကြောင့် စက်ရုံထဲကို ရေဝင်ပြီးတော့ စက်ရုံရပ်နားခဲ့ရတာတွေလည်း ရှိပါတယ်။ ဒါကတော့ ရေအားလျှပ်စစ်စက်ရုံတွေက နွေရာသီမှာ ရေနည်းတာက တစ်ကြောင်း၊ စက်ရုံမှထွက်ရှိလာတဲ့ ဓာတ်အားလမ်းကြောင်းတွေ ဖျက်ဆီးခံရတာက တစ်ကြောင်း၊ အကြောင်းကြောင်းတွေကြောင့် ဓာတ်အားထုတ်လွှတ်မှုတွေ ရပ်တန့်တဲ့အကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီလိုပဲ သဘာဝဓာတ်ငွေ့ Natural Gas ကိုသုံးတဲ့ အပူစွမ်းအင်သုံးဓာတ်ငွေ့စက်ရုံတွေရဲ့ ဓာတ်အားထုတ်လွှတ်မှုတွေဟာလည်း လျော့ကျလာတယ်လို့ သိရပါတယ်။ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေဟာ ဓာတ်ငွေ့ရရှိမှု တစ်ရက်လျှင် ၁၂၅ သန်းခန့်မှ ၁၁၀ သန်းအထိ ရရှိတာကြောင့် ဓာတ်အားထုတ်လွှတ်မှုတွေ လျော့နည်းသွားပါတယ်။ အဲ့ဒီလိုပဲ တီဂျစ်ကျောက်မီးသွေးစက်ရုံကလည်း ရာဂီမုန်တိုင်းကြောင့် ရေပေးပို့တဲ့ ရေပန့်တွေ ရေမြုပ်တဲ့အတွက်ကြောင့် ဓာတ်အားပေးစက်ရုံတွေကို ရပ်ထားရပါတယ်။ ကျောက်ဖြူ(KPEPC)စက်ရုံကလည်း ဓာတ်အားလိုင်းမှာ ချွတ်ယွင်းမှုကြောင့် ဓာတ်အားပေးစက်ရုံတွေဟာ ရပ်တန့်ခဲ့ရပါတယ်။ ဒီလိုနဲ့ ဓာတ်အားပေးမှု စုစုပေါင်းက 1242 MW လျော့ကျခဲ့ပါတယ်။ လိုအပ်ချက်က 3500 MW ရှိပါတယ်။ အဲ့ဒီလိုပဲ ရေအားလျှပ်စစ်စက်ရုံတွေက လျော့ကျခဲ့တယ်။ စုစုပေါင်း ရေအားလျှပ်စစ်နဲ့ Natural Gas တွေကနေပြီးတော့ အသုံးပြုတဲ့စက်တွေ စုစုပေါင်းဟာ 1570 MW ခန့် လျော့ကျလျက်ရှိပါတယ်။

ကျောက်ဆည်မှာရှိတဲ့ Powergen စက်ရုံဟာလည်း ၂၈-၃-၂၀၂၅ ရက်မှာ လှုပ်ခတ်ခဲ့တဲ့ ပြင်းထန်တဲ့ ငလျင်ကြောင့် စက်ပျက်စီးသွားတာကြောင့် ပြင်ဆင်နေရပါတယ်။ သဘာဝဓာတ်ငွေ့သုံးတဲ့ စက်ရုံတစ်ခုဖြစ်တဲ့ Sembcorp မြင်းခြံနှင့် V-power မြင်းခြံတို့ဟာလည်း ဒီနေ့တွေမှာ ဓာတ်အားလိုင်းအပြစ်ဖြစ်တဲ့အတွက်ကြောင့် ရပ်တန့်ခဲ့ရပါတယ်။ စုစုပေါင်း သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေနဲ့ ရေအားလျှပ်စစ်တွေကြောင့် ဒီပမာဏတွေက လျော့ကျလျက်ရှိပါတယ်ခင်ဗျာ။ ယခုတင်ပြခဲ့တာကတော့ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံတွေမှ ရရှိတဲ့ဓာတ်အားကို အပြည့်အဝအသုံးမချနိုင်မှုနှင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေရဲ့ ထုတ်လုပ်မှုစွမ်းအား ကျဆင်းလာမှုအကြောင်းများကို တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ......**

MOEP လို့ခေါ်တဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန(Ministry of Electrical Power)မှာ ထုတ်လုပ်မှုအပိုင်း၊ ပေးပို့မှုအပိုင်းနဲ့ ဖြန့်ဖြူးမှုအပိုင်းဆိုပြီးတော့ အပိုင်း(၃)ပိုင်းရှိပါတယ်။ လျော့ကျလာတဲ့ဓာတ်အားထုတ်လုပ်မှုကို ဖာထေးရန်အတွက် ကျွန်တော်တို့က အစားထိုးအစီအစဉ်တစ်ခုအနေနဲ့ သာကေတနဲ့ သန်လျင်မှာရှိတဲ့ LNG to Power စက်ရုံများကို ပြန်လည် လည်ပတ်နိုင်ရန်ကြိုးပမ်းလာခဲ့ပါတယ်။

အဲ့ဒီအတွက် LNG ကို မြန်မာငွေကျပ်ဖြင့် တင်သွင်းနိုင်သော Astra Power Co., Ltd. နှင့် LNG ဝယ်ယူတင်သွင်းခြင်း၊ FSU Storage,Jetty Receiving, Regasification လုပ်ငန်းတို့အားလည်းကောင်း၊ ဓာတ်အားထုတ်လုပ်ခြင်းကို The Consortium of Everest Energy Solution and CNTIC Vpower Group Holdings Ltd. နှင့်လည်းကောင်း ဆောင်ရွက်နိုင်ရန် ကြိုးစားကြရပါတယ်။ ဒီလိုကြိုးစားတဲ့ နေရာမှာ LNG တွေကို တင်သွင်းရပါတယ်ခင်ဗျာ။ တင်သွင်းပြီးနောက် LNG ကနေ ဓာတ်ငွေ့အဖြစ်သို့ ပြန်လည်ပြောင်းလဲခြင်း(Regasification)ပြုလုပ်ရပါတယ်။ အဲ့ဒီလိုလုပ်တဲ့အခါ သာကေတစက်ရုံနဲ့ သီလဝါစက်ရုံ (၂) ခုရှိတယ်။ အဲ့ဒီစက်ရုံ(၂)ခုကနေပြီးတော့ ဓာတ်အားတွေ ပြန်လည်ထုတ်လုပ်တယ်။ သာကေတစက်ရုံက 300MW၊ သီလဝါစက်ရုံက 200MW၊ နှစ်ခုပေါင်း 500MW ကို ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒီလိုထုတ်လုပ်ပြီးရင်လည်း YESC ရယ်၊ MESC ရယ်၊ ESE ရယ်ကနေပြီးတော့ ပြန်လည်ဖြန့်ဖြူးပေးမှာ ဖြစ်ပါတယ်။

ဒီလို LNG ဓာတ်အားပေးစက်ရုံတွေက ထွက်ရှိလာတဲ့ ဓာတ်အားများကို ၁၄-၁-၂၀၂၆ ရက်ကနေစပြီးတော့ ကျွန်တော်တို့ စမ်းသပ်မောင်းနှင်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံများသို့ ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ LNG လျှပ်စစ်ဓာတ်အားများကို ရန်ကုန်တိုင်းဒေသကြီးသို့ ၅၂ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးသို့ ၂၂ ရာခိုင်နှုန်း၊ ESE ကို ၂၆ ရာခိုင်နှုန်း အစရှိသဖြင့် MOEP လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ.....**

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးစက်မှုဇုန်မှာ လုပ်ငန်းပေါင်း(၅၆၆)ခု၊ မိတ္ထီလာစက်မှုဇုန်မှာ (၁၅)ခု၊ မြို့သာစက်မှုဇုန်မှာ (၁)ခုတို့ရှိပါတယ်။ စက်မှုဇုန်များအတွင်းမှာ စုစုပေါင်း လုပ်ငန်း(၅၈၂)ခု ရှိခဲ့ပါတယ်။ စက်မှုဇုန်ပြင်ပမှာရှိတဲ့ လုပ်ငန်းတွေမှာလဲ အကြီးစား၊ အလတ်စား၊ အသေးစားတွေရယ်လို့ (၂၁၀)ခုရှိပါတယ်။ ဒါကြောင့် စက်မှုဇုန်ရဲ့ အတွင်းမှာနဲ့ စက်မှုဇုန်ရဲ့ပြင်ပမှာနဲ့ အားလုံးပေါင်း (၇၉၁) ခုရှိကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန်အတွင်းနဲ့ စက်မှုဇုန်ပြင်ပမှာဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအတွက် ကျွန်တော်တို့က တိုက်ရိုက်လိုင်းဖြင့်ဆက်သွယ်ထားတဲ့ လုပ်ငန်းများကို LNG ဓာတ်အားခန့်မှန်းဖြင့် (၂၄)နာရီ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စက်မှုဇုန်ပြင်ပမှာရှိတဲ့ စက်ရုံ (၂၁၀) ရှိပါတယ်။ အဲ့ဒါတွေကတော့ ဘိလပ်မြေစက်ရုံ (၁၄)ရုံ၊ သံရည်ကျိုစက်ရုံနှင့် ကြေးနီစက်ရုံ (၁၆)ရုံ၊ သတ္တုတူးဖော်ရေးလုပ်ငန်းတစ်ခု၊ ကုမ္ပဏီ(၄)ခု၊ စက်ရုံ(၇၂)ခု၊ စက်သုံးဆီလုပ်ငန်း (၅)ခု၊ စားသောက်ဆိုင်တစ်ခု၊ ဆန်စက်တစ်ခု၊ ဆေးပစ္စည်းနဲ့ ဆေးရုံ(၁၀)ခု၊ ဈေးနှင့်ဈေးဝယ်စင်တာ (၉)ခု၊ တီရှပ်အစာစက်ရုံ(၈)ခု၊ ရေခဲစက်နဲ့သန့်စင်စက်က (၆)ခု၊ ဟိုတယ်နဲ့ ဟိုတယ်လုပ်ငန်း(၈)ခု၊ အိမ်ရာ (၃)ခု၊ EV Charging Station (၁၀)ခု၊ လေဆိပ် တစ်ခု၊ ဆက်သွယ်ရေး(၃)ခု၊ တိုးကိတ်(၃)ခု၊ အခြားစီးပွားရေးလုပ်ငန်းများ (၃၅)ခု ရှိပါတယ်။ စုစုပေါင်း (၂၁၀) ရှိပါတယ်။ ဒါကြောင့် စက်မှုဇုန်အတွင်းနဲ့အပြင်ပေါင်းရင် လုပ်ငန်းပေါင်း (၇၉၂)ခု ရှိပါတယ်။

**DE ဦးသန်းမြင့်ရေ......**

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွက် LNG ထုတ်တဲ့ စုစုပေါင်း ၅၀၀ MWအတွက် ယူနစ်ပေါင်း ၉၀၀၀ MWhဖြစ်ပြီး မန္တလေး MESC အတွက် ၂၂ ရာခိုင်နှုန်းဖြစ်တဲ့ ၁၉၈၀ MWh ကို မန္တလေးတိုင်းဒေသကြီးအနေနဲ့ ခွဲဝေရရှိပါတယ်။ စုစုပေါင်း မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ စက်မှုဇုန်မှ စက်ရုံပေါင်း (၅၆၆)ခု၊ သပြေဝမှာ(၁၅)ခု၊ မြင်းခြံမှာ(၁)ခု ဒါတွေအားလုံးပေါင်းလိုက်တဲ့အချိန်မှာ Maximum သုံးတဲ့ကောင်က 39.07 MW ရှိပြီး စုစုပေါင်း အနေနဲ့ဆိုရင် 350.02 MWh သုံးစွဲပါတယ်။

အဲ့ဒီ လုပ်ငန်းပေါင်း (၂၁၀) ထဲမှာ ပင်မဓာတ်အားခွဲရုံကနေပြီးတော့ တိုက်ရိုက်ရယူထားတဲ့ လုပ်ငန်းက (၃၂)ခု၊ ပင်မဓာတ်အားခွဲရုံများမှ တစ်ဆင့် ဓာတ်အားပေးတဲ့ ဖီဒါတွေကနေပြီး(tap off) ရယူသုံးစွဲတာက (၁၂၁)ခု၊ နောက်တစ်ခါ ထပ်ဆင့်ဓာတ်အားခွဲစက်ရုံတွေကနေ ယူတာက (၅၇)ခု၊ အဲ့တာတွေအားလုံးပေါင်းက စက်မှုဇုန်ရယ်၊ စက်မှုဇုန်ပြင်ပရယ်၊ စုစုပေါင်းသုံးစွဲတာဟာ maximum အနေနဲ့ 96.18 MW ရှိတယ်။ Total MWh အနေနဲ့ ပြောရင် 1418.36 MWh ရှိပါတယ်။ အဲ့ဒီလိုပဲ MESC ကနေပြီးတော့ မန္တလေးတိုင်းဒေသကြီးကို ခွဲပေးတာက 1357 MWh ဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့သုံးနိုင်တာနဲ့ ပေးပို့တဲ့ ခြားနားချက်ဟာ MWh အနေနဲ့ 623 MWh ဖြစ်ပါတယ်။

Monday to Friday မှာဆိုရင် စက်မှုဇုန်နဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖြန့်ဖြူးပေးတာက 1768 MWh၊ အများပြည်သူ၊ အရေးကြီးနေရာများနဲ့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို ဖြန့်ဖြူးပေးတာက 8137 MWh ရှိပါတယ်။ စနေ၊ တနင်္ဂနွေတွေမှာ စုစုပေါင်းသုံးစွဲတဲ့ဝန်အားကတော့ 9796 MWh ရှိပါတယ်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ၂၄ နာရီအတွက် 9905 MWh ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ LNG မဝင်ရောက်မီ မန္တလေးတိုင်းဒေသကြီးအတွင်း အများပြည်သူများကို တစ်ရက်လျှင် ၁၂ နာရီခန့်၊ စက်မှုဇုန်များကို တစ်ရက်လျှင် ၈ နာရီခန့်ဖြင့် စုစုပေါင်းတစ်ရက်လျှင် 8960 MWh ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ LNG စတင်ဝင်ရောက်လာတဲ့အခါ ပြည်သူများကို ၁၅ နာရီ၊ စက်မှုဇုန်များအား ၁၀ နာရီ ဖြန့်ဖြူးနိုင်ခဲ့ပြီး 500MW အပြည့်လွှတ်လိုက်တဲ့အခါ ပြည်သူများအား ၂၁ နာရီ၊ စက်မှုဇုန်များကို ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် အကျိုးရလဒ်အနေနဲ့ LNG ကို ၅၀ရာခိုင်နှုန်း ထုတ်လုပ်ပြီး မန္တလေးတိုင်းဒေသကြီး MESC ကို ၂၂ရာခိုင်နှုန်း ပေးပို့လာတဲ့အခါ အများပြည်သူတွေက ၉ နာရီ ပိုမိုသုံးစွဲခွင့်ရရှိလာပြီး စက်မှုဇုန်တွေက ၁၆ နာရီ ပိုမိုသုံးစွဲခွင့်ရလာနိုင်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

**ရွှေဇင်**

## ပေါင်းလဲဘုရား ပရိဝုဏ်အတွင်းရှိ စေတီတော်ကြီး တစ်ဆူ ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက် ပေါင်းလဲရွှေသာလျောင်း ပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော စေတီတော်ကြီးတစ်ဆူအား ပြန်လည်ပြုပြင်ရန်အတွက် မတည်ငွေလှူဒါန်းခြင်းကို အလှူရှင်၏နေအိမ်တွင် ပြုလုပ်ရာ အလှူရှင်ဖြစ်သော ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌ ဦးဝမ်ချို(ခ) ဦးစောနိုင်၊ (သား)မောင်အောင်နိုင်သူမိသားစုတို့က မတည်ငွေကျပ် သိန်း ၅၀ ကို ယနေ့နံနက်ပိုင်းက လှူဒါန်းမှုကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ အတွင်းရေးမှူး ဦးမောင်မောင် (ရွှေလက်ရာ)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ပေါင်းလဲဘုရား ဓမ္မဇိမာန်တော်ကြီးနှင့် စေတီပုထိုးများ ပြုပြင်ရန် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၀)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဆီဗီလာနည်းပြ အယ်လ်မေးဒါး ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့မှုကြောင့် ခုနစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခြင်းခံရ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၁**

ဆီဗီလာအသင်း နည်းပြ အယ်လ်မေးဒါးသည် ကွင်းလယ်ဒိုင်လူကြီးနှင့် ပြဿနာဖြစ်ပွားခဲ့မှုကြောင့် ခုနစ်ပွဲပယ် ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။



အဆိုပါ နည်းပြသည် ဆီဗီလာအသင်းက အလာဗက်စ်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ၎င်းအား အနီကတ်ပြခဲ့သည့် ဒိုင်၏ဆုံးဖြတ်ချက်အား မကျေနပ်ဘဲ ကွင်းအတွင်းသို့ ဝင်ရောက်ကာ စောဒကတက်ခဲ့မှုကြောင့် ယခုလို ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။

စပိန်လာလီဂါ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက အယ်လ်မေးဒါးအား ဒိုင်လူကြီးကို မထီမဲ့မြင်ပြုမှုဖြင့် သုံးပွဲ၊ ဒိုင်အဖွဲ့ကို စောဒကတက်မှုဖြင့် နှစ်ပွဲ၊ ကွင်းအတွင်းမှ ချက်ချင်းမထွက်မှုဖြင့် တစ်ပွဲ၊ ပရိသတ်တွေကို ဆူပူစေမှုနဲ့ တစ်ပွဲ စုစုပေါင်း ခုနစ်ပွဲပယ် ပြစ်ဒဏ် ချမှတ်ခဲ့သည်။

အသက်(၅၂)နှစ်အရွယ်ရှိ အယ်လ်မေးဒါးသည် ဆီဗီလာအသင်းကို ၂၀၂၅ ခုနှစ်၊ ဇွန် ၁၆ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၇ ပွဲတွင် ၉ ပွဲနိုင်၊ ၅ ပွဲသရေ၊ ၁၃ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။ **(ဝဲပုံ)(NGB)**

## အန်ဒရေဂိုးမက်စ်အား ကိုလံဘတ်စ်ခရူအသင်း ခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

မေဂျာလိဂ်ကလပ် ကိုလံဘတ်စ်ခရူအသင်းသည် လိုင်လီအသင်းကွင်းလယ်ကစားသမား အန်ဒရေဂိုးမက်စ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကိုလံဘတ်စ်ခရူအသင်းနှင့်အတူ ၂၀၂၇ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



ကွင်းလယ်ကစားသမား အန်ဒရေဂိုးမက်စ်သည် ကစားသမားဘဝတစ်လျှောက်တွင် အဲဗာတန်၊ လိုင်လီ၊ ဘင်ဖီကာ၊ ဗလင်စီယာစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ကိုလံဘတ်စ်ခရူအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ အန်ဒရေဂိုးမက်စ်က "ကျွန်တော် ကိုလံဘတ်စ်ခရူအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)(NGB)**

## 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Darja Vidmanova တက်ရောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ချက်တင်းနစ်မယ် Darja Vidmanova တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Darja Vidmanova သည် 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Anna Frey ကို ၆-၂၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Darja Vidmanova နှင့် ရုရှားတင်းနစ်မယ်၊ Alina Charaeva တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**



## ဂါဗီ ဒဏ်ရာမှသက်သာလာသောကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ


**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၁**

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဂါဗီသည် ဒဏ်ရာမှ ပြန်လည်သက်သာလာသောကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လကတည်းက ဒဏ်ရာကြောင့် အနားယူနေရပြီး လက်ရှိအချိန်တွင် ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ဂါဗီ ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် ဘာစီလိုနာအသင်းအတွက်လည်း အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဂါဗီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ ပွဲကစားပြီး ၁၀ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ **(အောက်ပုံ)(NGB)**



### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၂၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၂-၂၀၂၆<br>ည ၈း၃၀ နာရီ | (၁၆)အော်ဇေး - ရင်းနက်စ်(၆)<br>(L,L,D,D,W) (L,L,L,L,W) | အော်ဇေး ၄-၀ ရင်းနက်စ်<br>ရင်းနက်စ် ၀-၁ အော်ဇေး |
| ၂၂-၂-၂၀၂၆<br>ည ၁၀း၄၅ နာရီ | (၁၂)အန်းဂါးစ် - လိုင်လီ(၅)<br>(L,D,W,W,L) (W,L,D,D,L) | အန်းဂါးစ် ၀-၂ လိုင်လီ<br>လိုင်လီ ၂-၀ အန်းဂါးစ် |
| ။ | (၁၇)နန့်တက်စ် - လီဟာဗာ(၁၃)<br>(L,L,L,L,L) (D,D,L,W,W) | နန့်တက်စ် ၀-၂ လီဟာဗာ<br>လီဟာဗာ ၃-၂ နန့်တက်စ် |
| ။ | (၁၄)နိစ် - လိုရီယန့်(၉)<br>(L,D,W,D,L) (W,W,W,L,W) | နိစ် ၃-၀ လိုရီယန့်<br>လိုရီယန့် ၁-၁ နိစ် |
| ၂၃-၂-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၇)စထရာဘော့စ် - လိုင်ယွန်(၃)<br>(W,L,W,L,D) (W,W,W,W,W) | စထရာဘော့စ် ၄-၂ လိုင်ယွန်<br>လိုင်ယွန် ၄-၃ စထရာဘော့စ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၂၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၂-၂၀၂၆<br>ည ၈း၃၀ နာရီ | (၁၃)ပဲလေ့စ် - ဝုဖ်(၂၀)<br>(L,D,W,L,D) (L,L,D,W,D) | ပဲလေ့စ် ၄-၂ ဝုဖ်<br>ဝုဖ် ၂-၂ ပဲလေ့စ် |
| ။ | (၁၇)နော်တင်ဟမ် - လီတာပူး(၆)<br>(W,D,L,D,W) (W,W,L,W,W) | နော်တင်ဟမ် ၁-၁ လီတာပူး<br>လီတာပူး ၀-၁ နော်တင်ဟမ် |
| ။ | (၁၁)ဆန်းဒါးလန်း - ဖူလ်ဟမ်(၁၂)<br>(L,W,L,L,W) (W,L,L,L,W) | ဆန်းဒါးလန်း ၀-၁ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၁-၄ ဆန်းဒါးလန်း |
| ၂၂-၂-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၁၆)စပါး - အာဆင်နယ်(၁)<br>(D,W,D,L,L) (W,W,D,W,D) | စပါး ၀-၁ အာဆင်နယ်<br>အာဆင်နယ် ၂-၁ စပါး |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၃၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၂-၂၀၂၆<br>ညနေ ၆း၃၀ နာရီ | (၁၅)ရှက်ဖီးလ်(Utd) - ရှက်ဖီးလ်(Wed)(၂၄)<br>(W,D,W,L,W) (L,L,L,L,L) | ရှက်ဖီးလ်(Utd) ၁-၀ ရှက်ဖီးလ်(Wed)<br>ရှက်ဖီးလ်(Wed) ၀-၁ ရှက်ဖီးလ်(Utd) |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၂-၂၀၂၆<br>ည ၉း၀၀ နာရီ | (၈)ဖရိုင်းဘတ် - မိုချန်ဂလာဘတ်(၁၄)<br>(L,L,W,W,L) (D,L,D,D,L) | ဖရိုင်းဘတ် ၃-၁ မိုချန်ဂလာဘတ်<br>မိုချန်ဂလာဘတ် ၁-၂ ဖရိုင်းဘတ် |
| ၂၂-၂-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၁၇)စိန့်ပေါ်လီ - ဝါဒါဘရီမင်(၁၆)<br>(D,L,L,W,L) (L,L,D,L,L) | စိန့်ပေါ်လီ ၀-၂ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၀-၀ စိန့်ပေါ်လီ |
| ၂၂-၂-၂၀၂၆<br>နံနက် ၀၁း၀၀ နာရီ | (၁၈)ဟိုင်ဒန်ဟိမ်း - စတုဂတ်(၄)<br>(D,L,L,L,L) (W,W,L,W,W) | ဟိုင်ဒန်ဟိမ်း ၁-၃ စတုဂတ်<br>စတုဂတ် ၀-၁ ဟိုင်ဒန်ဟိမ်း |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၂-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၁)ဂီတာဖေး - ဆီဗီလာ(၁၃)<br>(L,D,D,W,W) (D,W,L,D,D) | ဂီတာဖေး ၀-၀ ဆီဗီလာ<br>ဆီဗီလာ ၁-၀ ဂီတာဖေး |
| ၂၂-၂-၂၀၂၆<br>ည ၉း၄၅ နာရီ | (၂)ဘာစီလိုနာ - လီဗန်တေး(၁၉)<br>(W,W,W,L,L) (W,D,L,L,L) | ဘာစီလိုနာ ၃-၀ လီဗန်တေး<br>လီဗန်တေး ၂-၃ ဘာစီလိုနာ |
| ၂၃-၂-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၇)ဆဲလ်တာဗီဂို - မာယော့ကာ(၁၈)<br>(D,D,L,D,W) (W,L,W,L,L) | ဆဲလ်တာဗီဂို ၂-၀ မာယော့ကာ<br>မာယော့ကာ ၁-၂ ဆဲလ်တာဗီဂို |
| ၂၃-၂-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၃)ဗီလာရီးရဲလ် - ဗလင်စီယာ(၁၅)<br>(L,D,W,L,W) (W,L,L,L,W) | ဗီလာရီးရဲလ် ၁-၁ ဗလင်စီယာ<br>ဗလင်စီယာ ၁-၁ ဗီလာရီးရဲလ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၂-၂၀၂၆<br>ညနေ ၆း၀၀ နာရီ | (၁၅)ဂျီနိုအာ - တိုရီနို(၁၄)<br>(D,W,L,L,D) (L,W,L,D,L) | ဂျီနိုအာ ၀-၀ တိုရီနို<br>တိုရီနို ၁-၁ ဂျီနိုအာ |
| ၂၂-၂-၂၀၂၆<br>ည ၈း၃၀ နာရီ | (၇)အတ္တလန္တာ - နာပိုလီ(၃)<br>(D,W,W,W,L) (L,W,W,L,D) | အတ္တလန္တာ ၂-၃ နာပိုလီ<br>နာပိုလီ ၀-၃ အတ္တလန္တာ |
| ၂၂-၂-၂၀၂၆<br>ည ၁၁း၃၀ နာရီ | (၂)အေစီမီလန် - ပါးမား(၁၂)<br>(W,D,W,W,D) (D,L,L,W,W) | အေစီမီလန် ၃-၂ ပါးမား<br>ပါးမား ၂-၁ အေစီမီလန် |
| ၂၃-၂-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၄)ရိုးမား - ခရီမိုနီစီ(၁၆)<br>(D,D,L,W,D) (D,L,L,L,D) | ရိုးမား ၁-၀ ခရီမိုနီစီ<br>ခရီမိုနီစီ ၂-၁ ရိုးမား |

## ရွှေစာရံဘုရားပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၁**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ (၇၈)ကြိမ်မြောက် သစ္စာအဓိဋ္ဌာန်ရွှေစာရံဘုရား၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီဝင်များ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရွှေစာရံဘုရားပွဲတော်ဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွှေစာရံဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်၍ လိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပွဲတော်ကြီးသည် အထက်မြန်မာပြည်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်ပြီး ရှေးသမိုင်းဝင်မိဖုရား ရှမ်းမင်းသမီး အစ်မတော်စောမွန်လှ တည်ထားခဲ့သော "ရွှေစာရံဘုရား" ဖြစ်ပြီး၊ ယခုနှစ်တွင် တပေါင်းလဆန်း ၁ ရက်မှ စတင်ကာ အထူးစည်ကားလျက်ရှိပြီး ရှမ်းပြည်နယ်ထွက် ဆေးဖက်ဝင်ပစ္စည်းများ၊ ဒေသစာ စားသောက်ကုန်များ၊ မြန်မာမုန့်အမျိုးမျိုး၊ အမှတ်တရပစ္စည်းများအပြင် အပန်းဖြေလည်ပတ်စရာနေရာများရှိသောကြောင့် မန္တလေးမြို့သူ၊ မြို့သားများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ကြ၍ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**စာနည်းကိုကို(ပြန်/ဆက်)**

## ဥပ္ပါတသန္တိစေတီတော် တပေါင်းပွဲတော် ဒုတိယအကြိမ် ခြင်းအလှခတ်ပွဲတော် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ခြင်းအလှခတ်ပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ကစားလိုသော ခြင်းအသင်းများသည် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ အသင်းဝင်ကြေးငွေကျပ် ၂၀၀၀၀ ပေးသွင်း၍ ပါဝင်ကစားနိုင်သည်။

အသင်းဝင်ကြေးအလှူငွေများကို ဥပ္ပါတသန္တိစေတီတော် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်ရန် လှူဒါန်းသွားမည်ဖြစ်ပြီး ဖုန်း ၀၉-၄၄၅၀၀၃၃၃၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၀၄၅)

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တံတားဦး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့နယ်အင်းဝခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ၊ သဘာပတိ ဦးဌေးဦးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းက အသင်းစု၏ လုပ်ငန်းစဉ်လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သွင်းအားစုများနှင့် ငွေစု၊ ငွေချေးလုပ်ငန်းများကို အခြေခံသမဝါယမအသင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒါ့အပြင် ရရှိလာသော အကျိုးအမြတ်များကို မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအား ပံ့ပိုးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဦးတင်နုကလည်းကောင်း၊ မြို့နယ်အသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် လုပ်ငန်းဆောင်ရွက်မှု၊ အမြတ်ခွဲဝေမှုများကို ဦးအောင်ခိုင်လတ်ကလည်းကောင်း၊ အသင်းစု၏ အသင်းသားစာရင်းစစ်၏ စာရင်းစစ်ဆေးမှုများကို ဦးသန်းတင်ကလည်းကောင်း၊ အသင်းစု၏ နှစ်ချုပ်စာရင်းစစ်ဆေးချက်များကို ဦးစန်းဝင်းကလည်းကောင်း အသီးသီးဖတ်ကြားကြပြီး မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို သဘာပတိက ဖတ်ကြား၍ အတည်ပြုချက်ရယူကာ တက်ရောက်လာကြသည့် ကိုယ်စားပြုအခြေခံသမဝါယမအသင်းဝင်ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(၄၀၉)

၀-၀-၀-၀-၀-၀

## မန္တလေးအမျိုးသမီးလုပ်ငန်းရှင်များအသင်း (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးအမျိုးသမီးလုပ်ငန်းရှင်များအသင်း (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက သုဝဏ္ဏဗီလာတွင် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်လတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် အသင်း၏(၁/၂၀၂၆)အစည်းအဝေးဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌသစ်အဖြစ် ဒေါ်အေးအေးအောင်အား ရွေးချယ်တင်မြှောက်ခဲ့သည်။



အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်းဥက္ကဋ္ဌ ဖြစ်သူ ဒေါ်ခင်လေးမြင့်သည် နာယကအဖြစ် ပြောင်းလဲတာဝန်ယူပြီး ဥက္ကဋ္ဌသစ် ဒေါ်အေးအေးအောင်အား ရာထူးလွှဲအပ်ခြင်းပြုလုပ်ခဲ့ကြောင်း၊ ဥက္ကဋ္ဌအသစ်က အသင်းအမှုဆောင်များနှင့် အသင်းဝင်ညီမများကို နှုတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ အတွင်းရေးမှူးက အသင်းဝင် ညီမများကို အမှုဆောင်သစ်များနှင့် မိတ်ဆက်ပေးခြင်းများကို ပြုလုပ်ခဲ့ပြီး အနာဂတ်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသင်းအတွက် လှူဒါန်းပေးသော အသင်းဝင်ညီမများကို နာယကက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀

## အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်မည်

**မြို့သစ် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကာလ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပန်းချီရေးဆွဲရာတွင် အခြေခံကျကျရေးဆွဲတတ်စေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁ ရက်မှ စတင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် မြို့နယ်စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူအသင်း (BookClub) အဖွဲ့ဝင်ဖြစ်သည့် ပန်းချီဆရာဦးတင်မောင်ဝင်းက သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ကာ အခြေခံပန်းချီရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များ၊ ပန်းချီရေးဆွဲမည့်ပုံစံအမျိုးမျိုး၊ အရောင်ခြယ်ပုံခြယ်နည်း၊ အလင်းအမှောင်နှင့် ပန်းချီရေးဆွဲနည်းဆိုင်ရာအကြောင်းအရာများကို မတ် ၁ရက်မှ ၃၁ ရက်အထိ (တနင်္ဂနွေမပါ) ညနေ ၄ နာရီမှ ၅ နာရီအထိ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## တစ်ပိုင်တစ်နိုင် ငှက်ပျောစိုက်ပျိုးသူများ မိသားစုအပိုဝင်ငွေရရှိ

**တံတားဦး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ဥယျာဉ်ခြံမြေစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်ကြသော တစ်ပိုင်တစ်နိုင် ငှက်ပျောစိုက်ပျိုးသူများ ရောင်းချရသဖြင့် မိသားစုအပိုဝင်ငွေရရှိနေကြသည်။

တံတားဦးမြို့နယ်တွင် ဖီးကြမ်းငှက်ပျောပင်များကို ဥယျာဉ်ခြံစနစ်ဖြင့် စနစ်တကျ ရေသွင်းစိုက်ပျိုးလုပ်ကိုင်ကြပြီး ဖီးကြမ်းငှက်ပျောမျိုးများကို ဝါတွင်းကာလနှင့် အလှူအတန်းပေါ်များသည့် အချိန်များတွင် အများဆုံးရောင်းချရပြီး အခြားသောအချိန်များတွင် ပုံမှန်စားသုံးသူများထံ ရောင်းချရသောကြောင့် လက်ရှိအချိန်တွင် ဖီးကြမ်းငှက်ပျောတစ်ဖီးကို အနည်းဆုံးငွေကျပ် ၂၅၀၀ မှ အများဆုံးငွေကျပ် ၃၅၀၀ အထိ ဖောက်သည်စနစ်ဖြင့် ရောင်းချရကြောင်း၊ ထိုသို့ရောင်းချရာတွင်လည်း ငှက်ပျောသီး၏အလုံးရေအနည်းအများနှင့် အလုံးအကြီးအသေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားလျက်ရှိကြောင်း၊ ငှက်ပျောပင်တစ်ပင်နှင့်တစ်ပင် အနည်းဆုံးလေးပေ(သို့မဟုတ်) ခြောက်ပေ အကွာစနစ်ဖြင့် အတန်းလိုက်စနစ်တကျ ရေသွင်းစိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်း ဥယျာဉ်ခြံစနစ်လုပ်ကိုင်သူများအနေဖြင့် အာဆီယံသပြေပန်းများ၊ သရက်များကို ထည့်သွင်းစိုက်ပျိုးလာကြကြောင်း တစ်ပိုင်တစ်နိုင် ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

ငှက်ပျောသီးသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော အစားအစာဖြစ်ပြီး အလှူအတန်းများ ပြုလုပ်ခြင်း၊ ဧည့်သည်များအား တည်ခင်းဧည့်ခံခြင်းနှင့် မိသားစုသရေစာအဖြစ် စားသုံးခြင်းတို့အတွက် အများဆုံး ဝယ်ယူအသုံးပြုခြင်းတို့ကြောင့် တစ်ပိုင်တစ်နိုင် ငှက်ပျောစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၀၉)



# လ တပေါင်း၏ ကောင်းခြင်းချီနိခါ မင်္ဂလာ

"ငါးတန်၊ ငါးကြင်း၊ ရွှေတစ်သင်းတို့၊ မြစ်တွင်း မြူးပျော်၊ စင်ရော်မြစ်ကွေး၊ ချစ်သံလေးနှင့်၊ ရေကျေး၊ ရေငှက်၊ စက္ကဝတ် ဟင်္သာ၊ ငှက်တကာလည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီးတည်း"။

**အင်းဝစာဆိုအကျော် ရှင်မဟာသီလဝံသ**

တစ်နှစ်တာ မြန်မာလတွေထဲက တပေါင်းလမှာ နွေဦးအခါ လေရူးပွေချိန်ဖြစ်ပါ၏။ "တပေါင်းသာခေါင် လများနှောင်"ဟု မြန်မာတွေ ဆိုလေ့ရှိကြ၏။

တပေါင်းလမှာ ထန်းရည်များစုပေါင်းခံယူရာလဖြစ်ကြောင်း ထန်းပေါင်းမှ တပေါင်းဖြစ်လာ၏ဟု ရှေးအဆိုအရ မှတ်သားရ၏။

မိန်ရာသီဖြစ်သော တပေါင်းလ။ မိနမှာ ငါးသတ္တဝါဖြစ်ပြီး ငါးတွေ ပျော်မြူးတဲ့ တပေါင်းလ။ ရာသီရုပ်မှာ ငါးနှစ်ကောင် ရုပ်ဖြစ်၍ သရဖီပန်းတွေ လှိုင်၍ ကြိုင်စွာ ပွင့်တဲ့ တပေါင်းလ။

ရွှေတစ်သင်း၊ ငါးကြင်းတွေ၊ ငါးတန်တွေက အဖြူရောင်၊ ငွေရောင်ဟုတ်ပုံမရဘူး။ ရွှေအဆင်းရွှေအရောင်နဲ့ လှပပြီး အဖွဲ့လိုက်၊ အသင်းလိုက် ကြည်စိမ်းအေးမြတဲ့ ဧရာဝတီမြစ်ထဲ မြူးကြပျော်ကြထင်ပါရဲ့။ ရှင်မဟာသီလဝံသရဲ့ ဖော်ပြပါစာအဖွဲ့မှာ တပေါင်းလရာသီအခါ စီးဆင်းနေတဲ့ ဧရာဝတီမြစ်နှင့် မြစ်အတွင်း ကူးခတ်သွားလာနေကြသော ငါးကြင်း၊ ငါးတန်တွေ၏ မြူးပုံပျော်ပုံ သဘာဝကို ရှုမြင်ချစ်ခင်သလို စာအဖွဲ့၏ နှစ်လိုဖွယ် ရှိစွာရေးသားစွမ်းပေရာ မိမိသည် မြန်မာပီပီ မြန်မာတပေါင်းလနှင့် သဘာဝကို မက်မောစွာ လေ့လာရေးသားနေခြင်းဖြစ်ပါ၏။

တပေါင်းလရာသီအခါ ဧရာဝတီမြစ်အတွင်း စင်ရော်ငှက်ကလေးတွေ ချစ်တေးဆိုနေပုံကိုလည်း ရေးဖွဲ့ထားရာတွင် အင်းဝစာဆိုအကျော် ရှင်မဟာသီလဝံသ၏ မြန်မာစာအလေးထားမှု၊ ပတ်ဝန်းကျင်ရှုမြင်မှုမှာ အံ့သြစရာကောင်းသလို ဝမ်းသာအားရဖွယ် ရှိလှပေသည်။

စင်ရော် ထိုငှက်လေးတွေကို မိမိသည် ရန်ကုန်မြို့ရှိ စဥ့်အိုးတန်း ဘောတံတားအနီး ရန်ကုန်မြစ်အတွင်း သင်္ဘောတွေ၊ ကူးတို့သမ္ဗန်တွေနားတွင် လှပစွာ ဝဲပျံကြလျက် အသံစာစာ အော်မြည်တတ်ပုံကို ထိုတစ်ချိန်က မြင်ဖူး၊ ကြားဖူးပါ၏။ သဘာဝရဲ့ စင်ရော်ငှက်လေးတွေ ချစ်စရာအသွင်နှင့် သူတို့ဝမ်း၊ သူတို့ခါး တစ်ဝမ်းတစ်ခါးအတွက် အစာရှာဖွေကြ၊ စားသောက်ကြရ၏။

နွေဦးရာသီ တပေါင်းလမှာ ဧရာဝတီမြစ်သည် စိမ်းပြာကြည်လင်လျက်ရှိပေရာ ဧရာဝတီမြစ်၏ သဲသောင်ခုံတွင် ဟင်္သာငှက်တွေ၊ ရေပျော်ငှက်၊ ရေကျေးငှက်တွေ အစွမ်းကုန် တေးသီချင်းစုံမြည်လျက် ပျော်ကြ၊ မြူးကြကြောင်း ရှင်မဟာသီလဝံသ၏ စာအဖွဲ့မှာ တွေ့မြင်နိုင်၏။

**ငွေသောင်ခုံဝယ် သဲပုံစေတီ**

"တပေါင်းလ သဲပုံစေတီပွဲ"ဟူ၍ မိမိတို့ မူလတန်းမြန်မာစာ ဖတ်စာမှာ သင်ယူခဲ့သည်တွင် အင်းဝခေတ်ကပင် မြန်မာနိုင်ငံတွင် သဲပုံစေတီပွင့်ပေါ်ကိုးကွယ်ပူဇော်တဲ့ဓလေ့ ရှိနေကြောင်း အထက်ဖော်ပြပါ အင်းဝစာဆိုအကျော် ရှင်မဟာသီလဝံသ၏ စာအဖွဲ့တွင် တွေ့ရှိမှတ်သားရပါ၏။

ဘာကြောင့် သဲပုံစေတီတည်ထားပြီး ပူဇော်ရှိခိုးရတာလဲဟု မေးစရာ ရှိလာသည်။

မြတ်စွာဘုရားဟူသော အားထားစရာ အလေးအမြတ်သဘော သက်ဝင်ရှိခိုးဦးတင် ပန်း၊ နံ့သာ၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးတွေ ကြိုင်လှိုင်စွာ ယုံကြည်လျက် လှူဒါန်းပူဇော်မှုအလို့ငှာ၊ ကိုးကွယ်ယုံကြည်မှုအလို့ငှာ သဲပုံစေတီတည်ထားကြ၊ ကိုးကွယ်ကြခြင်း ဖြစ်ပါ၏။

သဲပုံစေတီ တည်ထားပူဇော်၍ ကောင်းကျိုးမင်္ဂလာဖြစ်လော။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း၊ ငြိမ်းအေးခြင်း သန္တိသုခ နိဗ္ဗာန်ကို ရ၏လော။

ဟိမဝန္တာတောင်အနီး ယမကတောင်ရှိ၍ ထိုတောင်နှင့်အတူ မြစ်တစ်စင်းမှာမူ နွေအခါ သဲသောင်ကမ်းခြေ ထွန်းတတ်၍ နွေအခါ မြစ်ကမ်းစပ်ရှိ သဲတို့မှာ နေရောင်ခြည်ကြောင့် ရွှေလိုဝင်းဝါတောက်ပ၏။ လသာတဲ့ညများမှာတော့ ငွေရောင်ခြည် ဖြူလွှဖြူစွဖြူဖွေးလျက်။

မြစ်၏ အနီးအနား သစ်ခက်သစ်ရွက်နှင့် ထောက်ထားတဲ့ နာရဒအမည်ရှိ ရသေ့၏ ကျောင်းသခ်မ်းမှာ ယမကတောင်နှင့် စီးဆင်းနေတဲ့ မြစ်နှင့် ပန်တင့်လျက်ရှိနေ၏။

ထိုရသေ့သည် မြစ်ကမ်းစပ်ရှိ သဲသောင်ခုံတွင် သဲများ စုပုံပြီးလျှင် သဲပုံစေတီတည်ထားသည်တွင် ထိုရသေ့၏စိတ်တွင် နေ့အခါ ရွှေစေတီအမှတ်နှင့်၊ ညအခါ ငွေစေတီအမှတ်သညာပြုလျက် မြတ်စွာဘုရားအား အမှတ်တရရှိလျက် ရိုရိုသေသေ လေးလေးစားစား ရှိခိုးပူဇော်ခဲ့၏။

ထိုရသေ့သည် ထိုခေတ်၊ ထိုနေရာ၊ ထိုသဲပုံစေတီ တည်ထားပူဇော်မှု၊ ရိုသေစွာရှိခိုးမှု ကောင်းမှုကံ၏ ဘာဝိတာ ဗဟုလီကထာကြိမ်ဖန်များစွာ အာသေဝနပစ္စည်း တရားဓမ္မအစွမ်းကြောင့် ပစ္စုပ္ပန် ဘဝ ဂေါတမမြတ်စွာဘုရားသာသနာတွင် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်သော သာဓက ရှိခဲ့ဖူးပါ၏။

**မန္တလေးနှင့် သဲပုံစေတီ**

မန္တလေးမြို့၊ ၈ဖလမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ မုန့်တီစုရပ်ကွက်တွင် သဲပုံစေတီတစ်ဆူကို ဖြတ်သွားဖြတ်လာပြုစဉ် မိမိသည် ဖူးမြော်ဖူး၍ ထိုသဲပုံစေတီအား ငှက်ပျောသီး၊ အုန်းသီးကန်တော့ပွဲနှင့် ပူဇော်လှူဒါန်းခြင်း၊ ဖြူပြာနီဝါ ပန်းမျိုးစုံ အခက်ပန်းပွင့်ပန်းခိုင်ပန်းအိုးများဖြင့် ပူဇော်ခြင်းကို မြင်ရသောအခါ အားရဝမ်းသာသဒ္ဓါရွှင်မြူးကြည်နူးမှုတွေက ကြိုဆိုကြ၊ နှုတ်ဆက်ကြလျက် မိမိ၏ တစ်သက်တာ အမှတ်တရဖြစ်ပါ၏။

တစ်ခါတစ်ခါ စေတီထီးတွေဖျက်၍ သဲအစုအပုံလိုက် မြင်ရပြီးလျှင် ဘယ်အချိန် သဲပုံစေတီ တည်လိုက်သည် မသိရ။ ထီးတော်နှင့် တံခွန်ကုက္ကားနှင့် ကြည်ညိုဖွယ် ဖူးတွေ့ရပါ၏။

မည်သို့ဆိုစေ တပေါင်းလရောက်တဲ့အခါ သဲပုံစေတီ တည်ထားပူဇော်မည်ဟု စိတ်ကရည်လျက် လူတိုင်း အမျိုးသမီး၊ အမျိုးသားမည်သူမဆို အိမ်တွင်၊ တိုက်တွင်၊ ရုံးတွင် မြတ်စွာဘုရားရုပ်ပွားတော်အား ရိုရိုသေသေ လေးလေးမြတ်မြတ် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး နံ့သာ ပူဇော်သူမှာမူ လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားရရှိပြီးလျှင် သက်ရှည်ကျန်းမာစိတ်ချမ်းသာ၍ ဘဝထဲက သုခချမ်းသာ ဣဋ္ဌမင်္ဂလာရယူနိုင်ကြပေသည်။

**မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူတဲ့ တပေါင်းလ**

ဆောင်းနှင်းရိပ်နှင့် နွေဦးလေရူးတွေ ရောယှက်နေသော တပေါင်းလမှာ ဆောင်းနှင်းရိပ်ကြောင့် အေးအေးမြမြ ရှိလှသလို လေရူးပွေ၍ သဘာဝ၏ နွေအပူဓာတ်က အလိုအလျောက် ပွေ့ဖက်နှုတ်ဆက်လာသည်။

မြန်မာလတွေအနက်မှ တပေါင်းလကို အံ့သြမိသည်မှာ မြတ်စွာဘုရား၏ ဒေသစာရီကြွတော်မူသော မင်္ဂလာအခါသမယဖြစ်၍ ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ယူဇနာ ခြောက်ဆယ် ဝေးကွာတဲ့ ခရီးသို့ မြတ်စွာဘုရားသည် (၁၀၈) ကွက် ဗုဒ္ဓရွှေစက်တော်ဖြင့် ခြေလှမ်း၏။ ရဟန္တာတွေ ခြေလှမ်းကြ၏။

မြတ်စွာဘုရားတွင် ရဟန္တာပေါင်း နှစ်သောင်း ခြံရံတော်မူလျက် သီတင်းသုံးတော်မူသည်တွင် အင်္ဂတိုင်း၊ မဂဓတိုင်းသား အမျိုးကောင်းသား ရဟန္တာပေါင်း တစ်သောင်းနှင့် ကပိလဝတ်ပြည်သား အမျိုးကောင်းသား ရဟန္တာပေါင်း တစ်သောင်းတို့မှာ မြတ်စွာဘုရား၏ တရားတော်ကိုနာကြားကြပြီးလျှင် ဧဟိဘိက္ခုရဟန်းတွေ ဖြစ်ကြကုန်၏။

ကပိလဝတ်ပြည်သား အမျိုးကောင်းသားပေါင်း တစ်သောင်းတို့၏ ရဟန္တာအဖြစ် ဧဟိဘိက္ခုအဖြစ်မှာ ထူးဆန်းပေစွ။ ထူးပေစွ။

မြတ်စွာဘုရားရှင်၏ ခြောက်နှစ်ကြာ တရားကျင့်ခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ ဓမ္မစကြာတရား ဟောကြားခြင်း သတင်းထူးတို့ကြောင့် ခမည်းတော်ဖြစ်သူ သုဒ္ဓေါဒနမင်းကြီး၏ စိတ်ထဲ၌ ဝမ်းနည်းဝမ်းသာ ဖြစ်လျက်ရှိ၏။

မြတ်စွာဘုရား၏ မျက်နှာတော် မမြင်ရသည်မှာ ကြာပြီ။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးမှာ ဝမ်းနည်းစိတ်၊ လွမ်းဆွတ်တသစိတ်တွေက ဝင်နှောင့်၍နေ၏။

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးသတင်းမှာ မွှေး၏။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးမှာ အားရဝမ်းသာစိတ်၊ ကြည်နူးစိတ်တွေလည်း တစ်ခါတစ်ခါ ဖြစ်လာ၏။

သို့ရာတွင် ကပိလဝတ်နေပြည်တော်သို့ မြတ်စွာဘုရား ကြွတော်မူလာရန် စိတ်ကူးအကြံနှင့် အမတ်တစ်ယောက်လျှင် မင်းချင်းယောက်ျားပေါင်း တစ်ထောင်အား သုဒ္ဓေါဒနမင်းကြီးက တာဝန်ပေးလိုက်၏။

ထိုအမတ်၊ ထိုမင်းချင်းယောက်ျားတို့မှာ မြတ်စွာဘုရားထံရောက် သဒ္ဓါပေါက်၍ တရားနာကြ၊ ဧဟိဘိက္ခုအဖြစ် ရဟန်းပြုကြ၏။

ဤသို့ အမတ်ကိုးယောက်တို့အား ကိုးကြိမ်တိုင် မြတ်စွာဘုရားအား ပင့်ဆောင်ရေး စေလွှတ်သည်တွင် ထိုအမတ်၊ ထိုမင်းချင်းယောက်ျားတို့မှာ ဧဟိဘိက္ခုအဖြစ် ရဟန္တာဖြစ်ကြလျက် သန္တိသုခငြိမ်းအေးမှု ချမ်းသာရယူကြ၏။

သုဒ္ဓေါဒနမင်းကြီးမှာ စိတ်အားမလျှော့မူ၍ ကာဠုဒါယီအမတ်အား မင်းချင်းယောက်ျားပေါင်း တစ်ထောင်နှင့်အတူ ကပိလဝတ်နေပြည်တော်သို့ စက်ပန်းနှစ်လီဖြင့် ကြွချီတော်မူပါရန် ယုံကြည်စိတ်ချခြင်း၊ ချစ်ခင်ကျွမ်းဝင်ခြင်းများကြောင့် စေလွှတ်လိုက်၏။ မြတ်စွာဘုရား၏ စိတ်တော်ကို ထိုသုဒ္ဓေါဒနမင်းကြီးမှာ ဝေခွဲ၍ မရနိုင်ဖြစ်နေရှာ၏။

ကာဠုဒါယီအမတ်နှင့် မင်းချင်းယောက်ျားတို့မှာ မြတ်စွာဘုရားထံသို့ ရောက်၍ တရားရေအေးသောက်သုံးသည်နှင့် ကိုယ်စိတ်နှလုံး ရွှင်ပြုံးငြိမ်းအေးလိုက်ပုံမှာ သူတို့တစ်သက်တာ ပြောမပြနိုင်လောက်အောင် ရှိကြ၏။

ထိုအခါ ဧဟိဘိက္ခုရဟန်းအဖြစ်နှင့် ရဟန္တာဖြစ်လာကြသည်မှာလည်း ထိုကာဠုဒါယီမထေရ်နှင့် ရဟန္တာတို့၏ တရားဓမ္မ၌ ချစ်ခင်မှု၊ လောကီအာရုံတို့၏ ငြီးငွေ့၍ရှာစက်ဆုပ်မှု၊ ပိုင်ပိုင်နိုင်နိုင် ရဲရဲဝံ့ဝံ့ဆုံးဖြတ်မှု၊ စွမ်းဆောင်မှု၊ ယုံကြည်ချက်သဒ္ဓါစိတ်တို့၏ တန်ခိုးဖြစ်၏။

ရာဇဂြိုလ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှ ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီး ကြွတော်မူ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ မင်္ဂလာရက်မြတ်အခါတော်ဖြစ်၍ မြတ်စွာဘုရားနှင့် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် ခရီးဒေသစာရီကြွတော်မူလေပြီ။ ကြွလေပြီ။

**မန္တလေး၏ တပေါင်းလမင်္ဂလာအချိန်အခါ**

တပေါင်းလ၏ နံနက်ချိန်ခါမှာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ခြင်း၊ ရွှေသပိတ်တော်ဖြင့် ဆွမ်းတော်ကပ်လှူခြင်း၊ ရွှေယပ်ဖြင့် ယပ်ခတ်ပူဇော်ခြင်း၊ ပန်းနံ့သာ ပူဇော်ကြသည်တွင် မြင်ရသူအဖို့ ကြည်နူးနှစ်သက်မှု၊ ဝမ်းသာမှု ဖြစ်ရလျက် ရွှေသင်္ကန်းလှူသူ လှူကြ၏။ ပုတီးစိပ်သူ စိပ်ကြ၏။ ပန်းမျိုးစုံ၊ ငှက်ပျော၊ အုန်းကန်တော့ပွဲတို့မှာ အရောင်အသွေးစုံလျက်၊ လူအမျိုးမျိုး၊ လူအစားစား လှည့်လည်သွားလာကြလျက် ပျော်ရွှင်မှု၊ စိတ်အေးချမ်းသာမှုကို ရယူကြပါ၏။

**ကျမ်းကိုး။** မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် တတိယတွဲ။

**မြတ်ထေရ်ကျော်**



## မြင်းခြံတက္ကသိုလ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်

**မြင်းခြံ ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ် ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံ တက္ကသိုလ်ပါမောက္ခချုပ်ဆရာမ ကြီးက အဖွင့်အမှာစကားပြော ကြားသည်။ ထို့နောက် သင်တန်း ဆရာများအား သင်တန်းသား၊ သင်တန်းသူများဖြင့် အသီးသီး မိတ်ဆက်ပေးခဲ့သည်။ "အခြေခံ ရှေးဦးပြုစုခြင်းသင်တန်း တက် ရောက်လာကြတဲ့ သင်တန်းသား၊ သင်တန်းသူများအတွက် အသက် ရှူအားကူနည်း၊ နှလုံးနှိုးဆွနည်း၊ လူနာသယ်ဆောင်နည်း၊ ပတ်တီး စည်းနည်းနှင့် အခြားသိမှတ် ဖွယ်ရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမှာပါ" ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်အေးစိမ်းမိုးက ပြောသည်။

အဆိုပါ အခြေခံရှေးဦးပြုစု ခြင်း သင်တန်းကို သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၁ ဦး တက်ရောက်သင်ကြားလျက် ရှိကြောင်း သိရသည်။

**(အပေါင်းဝဲပုံ)**

**(၃၆၆)**




## လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်း အသိပညာပေးဆွေးနွေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၌ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု အကြောင်း အသိပညာပေး ဆွေး နွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပ သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေရည်ကိုက လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပ ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယ ဦးစီးမှူး ဒေါ်ဇာဖြူထွန်းက ယဉ် ကျေးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူငယ်များ သိရှိလိုက်နာ ဆောင် ရွက်သင့်သည့် မြန်မာ့ယဉ်ကျေးမှု နှင့် လျော်ညီသော ဝတ်စားဆင် ယင်မှုများ၊ နေထိုင်စားသောက်မှု များ၊ ပြုမူဆက်ဆံမှုများနှင့် စာပေ လေ့လာဖတ်ရှုခြင်းသည် မြန်မာ လူမျိုးများ၏ ယဉ်ကျေးမှု အုတ် မြစ်တစ်ခုဖြစ်ကြောင်း စသည့် အကြောင်းအရာများအား ရှင်း လင်းဆွေးနွေးပေးခဲ့ကြောင်း သိရ သည်။

**(အောက်ပုံ)**

**အေးငြိမ်းစံ(ပြန်/ဆက်)**







## ဘဝကို ပျော်ရွှင်စွာဖြတ်သန်းခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ နယ် ပြည်သူ့စာကြည့်တိုက်တွင် ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်း ခြင်းအကြောင်း အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဘဝကို ပျော်ရွှင်စွာဖြတ်သန်း ခြင်းအကြောင်း အသိပညာပေး ဆွေးနွေးပွဲ (Talk Show) တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်း ကျင်(၃) ဒေါ်မိုင်စန်းသီတာဌေး တို့က ပျော်ရွှင်မှု၏ အရေးကြီးဆုံး အရာ၊ ဘဝကိုပျော်ရွှင်စွာဖြတ် သန်းနိုင်ရန်အတွက် ထိရောက်မှု အရှိဆုံးနည်းလမ်းများဖြစ်သည့် ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ပါ၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ၊ အိပ်စက်ခြင်းကို ဦးစားပေးပါ၊ တိုးတက်အောင်ပြုလုပ်ပါ၊ သပ် ရပ်သန့်ရှင်းအောင်ထားပါ၊ သဘာဝ အလင်းရောင်ကို အသုံးပြုပါ၊ ပန်း ပင်များစိုက်ပျိုးပါ စသည့် ပျော်ရွှင် သည့် ဘဝတစ်ခုဆီသို့ ဦးတည် သွားစေမည့် အကြောင်းအရာ များနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါအသိပညာပေးဆွေး နွေးပွဲ (Talk Show) အပြည့်အစုံ ကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

## မိန်ရာသီ လတပေါင်း

* မိန်ရာသီ လတပေါင်းမို့
ရွက်ဟောင်းတို့ ကြွေခဲ့ပြီ ။

* သဲပုံစေတီ ပူဇော်ပွဲ
နွဲတဲ့ရာသီ ။

* အင်ကြင်းရနံ့ သင်းပျံ့ကြည်
သရက်ကင်းငုံစီတဲ့ ဥယျာဉ်အတွင်း ။

* ချစ်တဲ့သူ ဖော်ကွာဝေး
တွေးမိစိတ်တွင်း ။

* ပြာသိုမှာ လပြည့်
"အမေနေ့" ခေါ်ကြသည် ။

* "အဖေနေ့"နော် တပေါင်းလပြည့်
မေ့မရပြီ ။

* ဦးချလို့ စိတ်ကရည်
တို့ပြည်သူ ညီစေကြောင်း ။

* မြတ်စိန္တေ စေတီထူးမှာ
ဦးချဆုတောင်း ။

* စည်းလုံးကာ ညီညွတ်စို
ထွတ်မြတ်စိတ် ကိုယ်စီ ။

* သွေးခွဲတာ နွားကွဲက
ကျားဆွဲလိမ့်မည် ။

* နယ်ချဲ့ခေတ် နောင်းအတိတ်ဆီ
ရော်ရီလို့ ကြည့်လိုက်စမ်း ။

* ဘယ်သူတွေ ဘယ်လိုခွဲစေတော့
သွေးမကွဲစတမ်း ။ ။

**အင်းကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)**





## တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး Online ဖြင့် ဆွေးနွေးပို့ချ

**သရက် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်တွင် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ် ဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် Online ဖြင့် ဆွေးနွေးပို့ချခြင်းကို တက္ကသိုလ်များမှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် တာဝန်ရှိသူ များက ယမန်နေ့ နံနက် ၉ နာရီ တွင် အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့် ခန်းမ၌ သင်ကြားပို့ချလျက်ရှိ သည်။

အဆိုပါ Online ဖြင့် ဆွေး နွေးပို့ချခြင်းကို မကွေးတက္ကသိုလ် မှ ဆရာ၊ ဆရာမများက Zoom Application ဖြင့် သင်ကြားပေး ခြင်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် ဘာသာရပ်အလိုက် တာဝန်ရှိသူများက Online ဖြင့် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီ အထိ ဘာသာရပ်အလိုက် မေးခွန်း ပုံစံနှင့် ဖြေဆိုမှုပုံစံများကို သင် ကြားပို့ချသွားမည်ဖြစ်ရာ ကျောင်း သား၊ ကျောင်းသူ ၄၁၈ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။



**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၉၃-ခ)၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မီးမီး(ဘ)ဦးနေဝင်း(၁/ဗမန(နိုင်)၀၇၂၅၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

---

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၈)၊ ယခင်ဦးပိုင်အမှတ်(၂-င)၊ ယခုဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၃၄၆)ဧက အကျယ်အဝန်းရှိသော ဦးစံလင်း၊ ဒေါ်တုတ်ကြီး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဒေါ်နန်းဆွေအိမ်(ဘ)ဦးဟိုအိုက်(၉/မနမ(နိုင်)၀၅၀၁၉၁)၊ (၂) ဒေါ်မေစီထွန်း(ဘ)ဦးထွန်းရှိန်(၉/မနမ(နိုင်)၀၉၅၇၃၁)၊ (၃) ဒေါ်တင်မမထွန်း(ဘ)ဦးထွန်းရှိန်(၉/မနတ(နိုင်)၀၁၂၂၂၀)၊ (၄) ဒေါ်လွင်မမထွန်း(ဘ)ဦးထွန်းရှိန်(၉/မနမ(နိုင်)၀၄၇၄၃၆)၊ (၅) ဦးမျိုးမင်းထွန်း(ဘ)ဦးထွန်းရှိန်(၉/မနမ(နိုင်)၁၂၀၅၀၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက် ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်နံပါတ်(၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီလာရွှေ(ခ)ဒေါ်လီလာဗတီ(ဘ)ဦးဟာရစ်ခရစ်ရှ်နာ(ခ)ဦးအေးရွှေ (၉/မနတ(နိုင်)၀၀၇၄၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- | ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | |
|---|---|---|---|
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | |
| ဒေါ်ယုသစင်အောင်(LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၄၁)၊ ဦးပိုင်နံပါတ်(၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဖိုးလုံး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) ထဲမှ မြောက်ဘက်ပိုင်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးသူ(ဘ)ဦးမိုသီရာမ်း(၁၃/နခတ(နိုင်)၀၇၆၈၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- | ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) | |
|---|---|---|---|
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | |
| ဒေါ်ယုသစင်အောင်(LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၆)၊ ဦးပိုင်နံပါတ်(၁၆-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်အမာတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်မိုးသူ(ဘ)ဦးချစ်ဦး(၁၀/ကမရ(နိုင်)၀၈၁၀၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဒေါ်အေးစုထွန်း (LL.B,LL.M,DBL) | ဒေါ်မာမာဌေး (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၁)၊ ဦးပိုင်နံပါတ်(၆၃-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသောင်းခင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကေခိုင်မိုး(ဘ)ဦးလှ(၉/မရမ(နိုင်)၀၄၄၂၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဒေါ်အေးစုထွန်း (LL.B,LL.M,DBL) | ဒေါ်မာမာဌေး (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

---

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ်(၁၃၅)၊ ပေ(၄၀×၆၀)၊ ဧက(၀ ဒသမ ၀၅၅၁)ရှိ မြေကွက်သည် မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ (၁၉၉၀)ပြည့်နှစ်တွင် ဦးထွန်းငွေ(ခ)ဦးထွန်းစိန်(ဘ)ဦးသူသော်၊ အမျိုးသားမှတ်ပုံတင်အမှတ်-DI-014493၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-(၉/အမရ(နိုင်)၀၂၂၀၀၁)ကိုင်ဆောင်သူအား ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးထွန်းငွေ(ခ)ဦးထွန်းစိန်သည် (၁၃-၅-၂၀၁၅)ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်ရီ(၉/အမရ(နိုင်)၀၂၁၈၃၈)သည်(၁၀-၃-၂၀၁၇)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ဖြစ်ပါသည်။ ဖခင်အမည်ပေါက် မြေကွက်အမှတ်(အ-၁၆)၊ ဦးပိုင်(၁၃၅)၊ မြေကွက်၏ မြေချထားအမိန့်အကြောင်းကြားစာမူရင်း၊ လမ်းဖိုး မြေဖိုး၊ ငွေရပြေစာမူရင်းများနှင့် တောဂရန်မူရင်းတို့မှာ အထားအသို မှားယွင်းသိမ်းဆည်းမှုကြောင့် ပျောက်ဆုံးသွားခဲ့ပါ၍ အမွေဆက်ခံခွင့်ရှိသူ ဦးစောဝင်းမှ သက်ဆိုင်ရာ ဌာနအသီးသီးသို့ တရားဥပဒေနှင့်အညီ ဂရန်မူရင်းခွဲ အမည်ပြောင်း၊ သက်တမ်းတိုး တင်ပြလျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစောဝင်း**
**(၉/အမရ(နိုင်)၀၂၁၈၇၃)**
**အ-၁၆၊ ဦးပိုင်(၁၃၅)၊ (ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၉၀၂၆၀**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်-အပိုင်း(၃/၁)၊ ဦးပိုင်အမှတ်(၂၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၈၆)ဧက အကျယ်အဝန်းရှိ ဒေါ်လောက်ကြူ(ခ)ရွှေလီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး (ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအုန်းဆွေ(ဘ)ဦးစိန်ဟွာ(၉/မရမ(နိုင်)၀၇၈၀၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူပြာကျော် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**သစင်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၂၂၇၉၉၇၈၊ ၀၉-၉၇၇၄၂၀၁၃၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစံကြွား အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း၊ ခဲစင်းပြဧရိယာ(ပေ ၂၀× ပေ ၆၀)အကျယ်အဝန်းရှိ ခဲစင်းပြဂရန်မြေကွက်မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်+နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးလှိုင်(အဘ)ဦးမာ(၉/တတဥ(နိုင်)၁၀၂၃၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဝင်းသန့်. (LL.M) တရားလွှတ်တော်ရှေ့နေ**

**၃၅(အေ)လမ်း၊ ၆၉ လမ်းနှင့် လမ်း၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

---

### အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်အမှတ်(၁၄၇)မြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၅ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်အမှတ်(၁၄၇)၊ (ပေ ၃၀× ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ "ဒေါ်တင်မိုးလွင်နှင့် ဦးသန်းမြင့်"တို့(၂)ဦးအမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း(၁၅ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်ထက်ဝတ်ရည်(ဘ)ဦးဇော်ဦး"(၁၃/နမတ(နိုင်)၀၄၉၉၃၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B), ဒေါ်ယဉ်ယဉ်ဌေး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်းနှင့်(၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

---

### မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၅)၊ ဦးပိုင်အမှတ်(၁၂၇)၊ ဧရိယာ(၀ ဒသမ ၀၁၈၄)ဧက အကျယ်အဝန်းရှိသော ဦးသိန်းစိုး၊ ဒေါ်ခင်မမ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးသိန်းစိုး(ဘ)ဦးတင်လှိုင်(၉/မနတ(နိုင်)၀၃၀၆၄၇)၊ (၂) ဒေါ်ခင်မမ(ဘ) ဦးစံဌေး(၅/စကန(နိုင်)၁၂၉၂၆၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

---

### မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄ဉ)၊ ဦးပိုင်အမှတ်(၄၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၆၁)ဧက အကျယ်အဝန်းရှိသော ဒေါ်အေးကြည်၊ ဒေါ်ရီရီဌေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲအဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဒေါ်ဖြူဖြူဝင်း(ဘ)ဦးခင်မောင်သိန်း(၉/ခအဇ(နိုင်)၀၀၉၅၈၃)၊ (၂)ဒေါ်သန်းသန်းအေး(ဘ)ဦးခင်မောင်သိန်း(၉/ခအဇ(နိုင်)၀၀၉၅၈၁)၊ (၃)ဒေါ်နီလာသိန်း(ဘ)ဦးခင်မောင်သိန်း(၉/ခအဇ(နိုင်)၀၀၉၅၈၂)၊ (၄)ဦးဟိန်းကိုကို(ဘ)ဦးခင်မောင်သိန်း(၉/ခအဇ(နိုင်)၀၄၅၀၈၈)၊ (၅)ဦးရဲမင်းကို(ဘ)ဦးခင်မောင်သိန်း(၉/ခအဇ(နိုင်)၀၄၈၄၃၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

---

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၈)၊ ဦးပိုင်နံပါတ်(၃၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ·၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၄ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ ဦးသန်းအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကြည်စိုး(ဘ)ဦးအောင်(၉/မသန(နိုင်)၀၆၉၃၀၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L) ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

---

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးရွှေဝင်း(ဘ)ဦးကံ(AE-၂၁၅၁၅၂)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိုးမိုးရီ(ဘ)ဦးသိန်းဆောင်(၉/မရမ(နိုင်)၀၀၈၈၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ ဦးအောင်ဖြိုးမောင် ဒေါ်နန်းဖြူဖြူအေး**

**B.A (Hist), H.G.P LL.B B.Sc.PGDL**

**အထက်တန်းရှေ့နေများ**

**၅၃ လမ်း၊ ၁၁၀(A )လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

---

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၄)၊ ဦးပိုင်အမှတ်(၅၇-က)၊ ဧရိယာ(၀ ဒသမ ၀၆၀၄)ဧကအကျယ်အဝန်းရှိ ဦးဌေးညွန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝန်းခြံအကာအရံနှင့်တကွ မြေပေါ်မြေအောက်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၈၇/၂၀၁၄)အရ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်နုနုလှိုင်(၉/မနတ(နိုင်)၀၉၇၀၃၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စင်မာအောင် (LL.B)၊ ဒေါ်ချိုချိုဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**Success ဥပဒေနှင့် စီးပွားရေးအကြံပေးဝန်ဆောင်မှု**

**၆၂ လမ်း၊ ၃၁ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၇၉၇၁၄၀၀၆၀၊ ၀၉-၄၀၂၅၄၉၉၈၉**

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးက "UN Special Representative Pramila Patten Calls For Accountability As Sexual Violence Continues Five Years After Myanmar Military Seized Power" ခေါင်းစဉ်ဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် လိင်အကြမ်းဖက်မှုကို ရိုးရာယဉ်ကျေးမှုအရ ဆန့်ကျင်သော သမိုင်းကြောင်းအစဉ်အလာရှိသည်။ ယင်းဓလေ့ကိုအခြေခံ၍ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီး၊ အမျိုးသားနှင့် လိင်စိတ်ခံယူမှုကွဲပြားသူအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန် ဥပဒေနှင့်အညီ ပြတ်သားစွာ ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်

စာမျက်နှာ ၄ သို့ ❑




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာအနီးရှိ လယ်ကွင်း၌ ပစ်ခတ်ရန် ပြင်ဆင်ထားသည့် ရှော့တိုက်ဒုံးများတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန်အတွက် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူပိုင်အဆောက်အအုံများ၊ လမ်းတံတားများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၇ သို့ ❂



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်(မြောက်)ကျေးရွာအနီး လယ်ကွင်း၌ ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ရှော့တိုက်ဒုံးများကို တွေ့ရစဉ်။




## အီတလီစီးရီးအေ ပွဲစဉ် (၂၆)တွင် ကိုမိုနှင့် အင်တာမီလန်တို့ နိုင်ပွဲကိုယ်စီရရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၁**

အီတလီစီးရီးအေပွဲစဉ်(၂၆)တွင် ကိုမိုအသင်းနှင့် အင်တာမီလန်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက ဂျူဗင်တပ်အသင်းနှင့် ကိုမိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုမိုအသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲက အင်တာမီလန်အသင်းနှင့် လက်ချီအသင်းတို့ ပွဲစဉ်တွင်လည်း အင်တာမီလန်အသင်းက လက်ချီအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အီတလီ စီးရီးအေ ပွဲစဉ် (၂၆)ယှဉ်ပြိုင်ကစားအပြီးတွင် အင်တာမီလန်အသင်းက ရမှတ် ၆၄ မှတ်ဖြင့် အဆင့်(၁)နေရာ၊ ကိုမိုအသင်းက ရမှတ် ၄၅ မှတ်ဖြင့် အဆင့် (၆)နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

(NGB)

၀-၀-၀-၀